မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

စောင့်ရှောက်ထားအပ်သောစိတ်

အလွန့်အလွန်မြင့်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(၈မ္မပဒ-၃၆)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ စနေနေ့ အတွဲ (၆၁)၊ အမှတ် (၁၀၇)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က နှစ်(၇၀)ပြည့် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၂ ခုနှစ် ၊ ဇန်နဝါရီလ ၁၅ ရက်နေ့

ချစ်ကြည်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျာ-

ယနေ့ ဇန်နဝါရီလ(၁၅)ရက်နေ့သည် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ကယားတိုင်းရင်းသားများအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ကယားပြည်နယ်နေ့ဖြစ်ပါသည်။

ယခုကဲ့သို့ နှစ်သစ်ကူးအခါသမယတွင် ကျရောက်သည့် ကယားပြည်နယ်နေ့တွင် ကယားတိုင်းရင်းသားများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး စိတ်ရောကိုယ်ပါ ကျန်းမာရှင်လန်းပြီး လိုရာဆန္ဒ ပြည့်ဝကြပါစေကြောင်း ဆုမွန်တောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

တံတားများ တည်ဆောက်ရာတွင် ခံနိုင်ဝန်ရှိရန်နှင့် ရေရှည်ခိုင်ခံ့မှုရှိစေရေးအတွက် သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျဖြင့် တည်ဆောက်ရန်လို

နေပြည်တော် ဇန်နဝါရီ ၁၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းဦးမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးခင်ရီ၊ ဒေါက်တာညွန့်ဖေ၊ ဦးရွှေလေး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊

စာမျက်နှာ ၆ ကော်လံ ၁ ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထားဝယ် - ကမြောကင်း - လောင်းလုံး လမ်းပေါ်ရှိ ကမြောကင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

မြန်မာ့အလင်း

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အခြေခံအုတ်မြစ်

ပညာရေးသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ ကမ္ဘာတွင် အောင်မြင်တိုးတက်နေသည့် နိုင်ငံများကို လေ့လာပါက ယင်းနိုင်ငံ၏ ပညာရေးစနစ်နှင့် ၎င်းပညာရေးစနစ်မှ ထွက်ပေါ်လာသည့် လူစွမ်းအားအရင်းအမြစ်များ၏ ပညာရည်အဆင့်မြင့်မားမှုတို့ကို တွေ့ရမည်ဖြစ်သည်။ ပညာရေးကဏ္ဍကို အလေးပေးဆောင်ရွက်ခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။ နိုင်ငံ၏ အနာဂတ်ဟုဆိုရာတွင် ဝေးလံလှသည့် အနာဂတ်မဟုတ်ဘဲ ဆယ်စုနှစ်တစ်ခု၊ နှစ်ခုခန့်ကာလအတွင်း ပညာရေးကဏ္ဍ အလေးပေးမြှင့်တင်ခြင်း၏ ရလဒ်များက ထွက်ပေါ်လာမည်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ ပညာရေးဆိုင်ရာ ကိန်းဂဏန်းများက အားရဖွယ်မရှိဖြစ်နေရာ လျင်လျင်မြန်မြန်ပြင်ဆင်သွားရန် လိုအပ်လျက်ရှိသည်။ လက်ရှိ မြန်မာနိုင်ငံတွင် စာမတတ်သူ ၁၀ သန်းခန့် ရှိနေသည်။ သူငယ်တန်းတွင် ကျောင်းသို့ဝင်ရောက်လာသူ ၁၀၀ လျှင် ၁၀ ဦးခန့်သာ တက္ကသိုလ်ဝင်တန်းသို့ ရောက်ပြီး ၉၀ ခန့်က လမ်းခုလတ်တွင် အကြောင်းအမျိုးမျိုးဖြင့် ကျောင်းမှ ထွက်သွားကြသည်။ တက္ကသိုလ်ဝင်တန်းသို့ ရောက်လာသူများမှာလည်း တက္ကသိုလ်ပညာရေးကို မည်မျှတက်နိုင်ကြသည်ကိုလည်းကောင်း၊ ပညာရေးစရိတ်မတတ်နိုင်ခြင်းကြောင့် အဝေးသင်ပညာရေးစနစ်ဖြင့် မည်သည့်အရေအတွက်ကပြီးဆုံးကြရသည်ကိုလည်းကောင်း လေ့လာစေ့ငုခြင်းဖြင့် မိမိတို့နိုင်ငံတွင် ပညာရေးကဏ္ဍအတွက် လုပ်ကိုင်ဆောင်ရွက်ရမည့် ပမာဏကြီးမားသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

"အခြေခံပညာသင်ကြားသည့် အသက်အရွယ်မှစ၍ နှစ်စဉ်တန်းစဉ်ကူးပြောင်းမှု ရာခိုင်နှုန်းကို မြင့်မားလာအောင် လုပ်ဆောင်ပြီး အမှန်တကယ် တတ်မြောက်မှုရှိအောင် သင်ကြားပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်းများ နည်းပါးလာသည့်အခြေအနေကို စိစစ်ခဲ့ရာတွင် တန်းစဉ်ကူးပြောင်းမှုများ၌ အမှန်တကယ်တတ်မြောက်မှု မရှိခဲ့ခြင်းနှင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲမေးခွန်းများနှင့် အထက်တန်းအဆင့် စာမေးပွဲမေးခွန်းတို့တွင် ခက်ခဲမှုကွာဟချက် မြင့်မားနိုင်ခြင်းတို့ကြောင့် ဖြစ်နိုင်သည်ကို သုံးသပ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် တန်းစဉ်ကူးပြောင်းမှုများတွင် အမှန်တကယ်တတ်မြောက်မှုရှိအောင် သင်ကြားပေးရန် လိုအပ်မည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်ရေး၊ ကျောင်းတက်သည့်ကလေးတိုင်း အမှန်တကယ် တတ်မြောက်ရေးတို့တွင် အုပ်ထိန်းသူမိဘများက မိမိတို့၏ ရင်သွေးများကို ကျောင်းနေစေရန်၊ ကျောင်းသား ကျောင်းသူများကလည်း ပညာကို အလေးအနက်ကြိုးစား၍သင်ယူရန်နှင့် ဆရာ ဆရာမများက တပည့်ကျောင်းသား ကျောင်းသူများ အမှန်တကယ် ပညာတတ်မြောက်စေရေး နာသုံးနာလက်ကိုင်ထား၍ သင်ကြားပေးကြရန် သုံးဦးသုံးဖလှယ် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

လက်ရှိကာလ မြန်မာ့ပညာရေးအခြေအနေမှာ မြင့်မားအောင်မြှင့်တင်ရမည့်အစား အဖျက်အဆီး၊ အဟန့်အတား၊ အနှောင့်အယှက်များနှင့် မကြုံစဖူး ရင်ဆိုင်ကြုံတွေ့နေရသည်။ မသမာသူတို့ ဝါဒဖြန့်မှုကြောင့် ဆရာ၊ မိဘ၊ ကျောင်းသားတို့အတွင်း အတွေးအခေါ်မှား၊ အထင်အမြင်မှားနှင့် အယူမှားတို့ ပယောဂဝင်သူက ဝင်နေကြသည်။ ငွေကြေးတတ်နိုင်သူတို့ ပြည်ပသို့ထွက်၍ ပညာသင်နေကြချိန်တွင် ပညာရေးကို ဘွိုင်းကောက်လုပ်ကြခြင်းက မိမိဘာဝ၏ အနာဂတ်ကို မိမိဘာသာ ဖျက်ဆီးနေကြခြင်းပင်ဖြစ်သည်။ ကျောင်းတက်ပြီး စာပေပညာသင်ယူခြင်းဖြင့်သာ အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်ပြီး နိုင်ငံကိုလည်း အကျိုးပြုနိုင်မည်ဖြစ်ရာ ပညာသင်ယူရမည့်အရွယ်တွင် အချိန်ရှိခိုက်လုံ့လစိုက်၍ သင်ကြားသင်ယူကြစေရေး အကျိုးမျှော်ကာ နှိုးဆော်အပ်ပါကြောင်း။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧန်နဝါရီ ၁၄

၂၀၂၂ ခုနှစ် ဧန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဘရူနိုင်းဒါရုဿလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ နှစ်သစ်အခါသမယတွင် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ဘရူနိုင်းဒါရုဿလမ်နိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့သည် နွေးထွေးပြီး ကာလရှည်ကြာသော ဆက်ဆံရေးကို ထူထောင်ထားကြပြီး ဘရူနိုင်းဒါရုဿလမ်နိုင်ငံ၏ အာဆီယံ အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်စဉ်ကာလအတွင်း ထောက်ပံ့ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ မြန်မာနိုင်ငံမှာ အာဆီယံမိသားစုအတွက် အရေးပါသည့် အဖွဲ့ဝင်နိုင်ငံအနေဖြင့် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး မိမိအနေဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် ဒေသတွင်းကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု မျှော်လင့်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာပြည်သူများထံ ဂုဏ်ယူဝမ်းမြောက်ကြောင်းလည်း ပြောကြားလိုပါသည်။

အဆွေတော် ဆက်လက်၍ ကျန်းမာပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧန်နဝါရီ ၁၄

၂၀၂၂ ခုနှစ် ဧန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ဘရူနိုင်းဒါရုဿလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး-၂ ဒါတိုဿရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ဝီဟင် ယူဆွတ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ နှစ်သစ်အခါသမယတွင် အဆွေတော်နှင့် မိသားစုဝင်များအားထံသို့ ဆုမွန်ကောင်းများပို့သလျက် နွေးထွေးစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိ၏အာဆီယံအထူးကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မှုအပါအဝင် ဘရူနိုင်းဒါရုဿလမ်နိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့စဉ် ကာလအတွင်း အဆွေတော်၏ အားပေးပံ့ပိုးပေးမှုများအတွက် ကျေးဇူးတင်ရှိပြီး၊ မိမိတို့နှစ်နိုင်ငံ အကြားသာမက နီးကပ်သည့် ဒေသတွင်း မိတ်ဖက်နိုင်ငံများအဖြစ်ပါ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာပြည်သူများထံ ဂုဏ်ယူဝမ်းမြောက်ကြောင်းလည်း ပြောကြားလိုပါသည်။

အဆွေတော်နှင့် မိသားစုဝင်များ ကျန်းမာပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

ပြည်ထောင်စုအကျိုး သယံဇာ
အသိပညာ မြှင့်တင်ရေ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်

၂၀၂၂ ခုနှစ်၊ ဧန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။

စည်းလုံးညီညွတ်စွာ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ကိုလိုနီစနစ်ဆိုးဏ၀် ခါးသီးသော အတိတ်သမိုင်းအတွေ့အကြုံများကို သင်ခန်းစာယူကာ နိုင်ငံတော်ဏ၀်အကျိုးကို သယ်ပိုးဆောင်ရွက်ရာတွင် မတရားသွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို အမြဲသတိပြုကြရန် လိုအပ်ပါသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် ဘာသာသာသနာတို့အပေါ် သစ္စာစောင့်သိပြီး ရင့်ကျက်သည့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို နိုင်ငံသားတိုင်းက သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ စည်းလုံးညီညွတ်စွာ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၄-၁-၂၀၂၂ ရက်နေ့တွင် ပေးပို့သည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

◆ *ရှေ့ပိုးမှ*

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ကရင်နီပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်နယ်တစ်ခုအဖြစ် ပါ၀င်ခဲ့ပြီး ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေအရ လူထုဆန္ဒဖြင့် ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ကရင်နီပြည်နယ်မှ ကယားပြည်နယ်အဖြစ် တရား၀င်ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ ထိုသို့ ကယားပြည်နယ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည့်နေ့ကို "ကယားပြည်နယ်နေ့" အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏အရှေ့ပိုင်းတောင်တန်းဒေသ ဖြစ်ပြီး တောတောင်ရေမြေ သဘာ၀အလှတရားများ၊ မြေပေါ်မြေအောက် သယံဇာတများပေါကြွယ်၀ကာ ရိုးရာယဉ်ကျေးမှုအလှတရားများဖြင့် သာယာလှပသောပြည်နယ် ဖြစ်ပါသည်။ ရာသီဥတုမျှတပြီး ဒေသခံတိုင်းရင်းသားများ၏ ရင်းနှီးဖော်ရွေမှု၊ ရိုးသားမှုတို့သည် ပြည်နယ်၏ နှစ်သက်စွဲလမ်းဖွယ်ရာ ဂုဏ်အင်္ဂါများပင် ဖြစ်ပါသည်။

သာယာလှပသည့် ရှုခင်း၊ သန့်ရှင်းသပ်ရပ်သည့် အခင်းအကျင်း၊ တိုင်းရင်းသားတို့၏ ပွင့်လင်းရိုးသားမှု၊ ဒေသခံသားချင်းများ၏ ပြည်နယ်အကျိုးကို ဝိုင်း၀နံ်းဆောင်ရွက်ခဲ့ကြသည့်အတွက် ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့သည့် ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

ထိုသို့ရရှိပြီးအခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ ကယားပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထာ၀ရငြိမ်းချမ်းရေးကို သားစဉ်မြေးဆက်ခံစားနိုင်အောင် တည်ဆောက်သွားကြရန် အထူးလိုအပ်နေချိန် ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါက လွတ်လပ်ရေးနှင့်အတူ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုပယောဂကြောင့် ပူးတွဲပါရှိလာခဲ့သော ပြည်တွင်းသောင်းကျန်းမှုဖြစ်စဉ်များ၊ လူမျိုးစွဲ၊ ဝါဒစွဲ ဖြစ်စဉ်များနှင့် တိုင်းရင်းသားများအကြား ဖြစ်ပွားခဲ့ရသည့် သံသယဖြင့် လက်နက်ကိုင်ပဋိပက္ခများသည် နှစ်ပေါင်းရှည်ကြာစွာ တည်ရှိခဲ့ပြီး ယင်း၏ ဆိုးကျိုးသက်ရောက်မှုများကြောင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်မှုရှိခဲ့သည်ကို မိမိတို့အားလုံး လက်တွေ့ခံစားနေကြရပြီ ဖြစ်ပါသည်။

ယနေ့ကာလသည် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်မျှော်လင့်ချက်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားများကလည်း အတိတ်ကာလ အတွေ့အကြုံများကို သင်ခန်းစာရယူပြီး စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်း၀နံ်းပူးပေါင်းဆောင်ရွက်ကြရမည့် အချိန်အခါ ဖြစ်ပါသည်။

မကြာမီ ကျင်းပတော့မည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့သို့ ရောက်ရှိမည့်အချိန်ကာလတွင် တိုင်းရင်းသားအားလုံးသည် နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွားအတွက် တစ်လေ့တည်းစီး တစ်ခရီးတည်းသွားသူများအဖြစ် ခံယူသည့်စိတ်၊ အေးအတူပူအမျှ တစ်မြေထဲနေ တစ်ရေတည်း သောက်သူများအဖြစ် မှတ်ယူသည့်

❖ ယနေ့ကာလသည် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်မျှော်လင့်ချက်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားများကလည်း အတိတ်ကာလ အတွေ့အကြုံများကို သင်ခန်းစာရယူပြီး စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်း၀နံ်းပူးပေါင်းဆောင်ရွက်ကြရမည့်အချိန်အခါ ဖြစ်

နှလုံးသား၊ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တစ်ဝမ်းတည်းဖွားသွေးချင်းများဟု ခံယူသည့် သံယောဇဉ်တရား တို့ဖြင့် အတူတကွ လက်တွဲပြီး အခက်အခဲမှန်သမျှကို ကျော်လွှားဖြတ်သန်းလုပ်ဆောင်ကြရမည့် အချိန်အခါလည်း ဖြစ်ပါသည်။

ယခုကာလသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏ တာ၀နှစ်အရပ်ရပ်ကို ထိန်းသိမ်းရယူပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉)ရပ် ချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လုပ်ငန်းများ အောင်မြင်ရေးမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တစ်နိုင်ငံလုံး ထာ၀ရငြိမ်းချမ်းရေး ဖော်ဆောင်ရန် အလွန်အရေးကြီးလှပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးခြေလှမ်းသစ်များ ပြန်လည်စတင်နိုင်ရန် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ရေး အတိအလင်း ဖိတ်ခေါ်ထားပြီးဖြစ်ရာ တိုင်းရင်းသားလူမျိုးများအားလုံးအတွက် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ယခင်ကထက် ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည်ဟု အပြည့်အ၀ ယုံကြည်ပါသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုးကိုသာ အစဉ်ရှေးရှုကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာ၀ပြောစေရန်နှင့် စားရေရိက္ခာဖူလုံစေရန် အဓိကထားပြီး တိုင်းရင်းသားပြည်သူများနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ "ညီညာမှ ပြည်သာမည်" ဖြစ်သည့်အတွက် အားလုံး၏ စုစည်းမှုစွမ်းအားနှင့် ဝိုင်း၀နံ်းတည်ဆောက်ကြရမည် ဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် တပ်မတော်နှင့်အတူ နိုင်ငံ့၀နံ်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်း၀နံ်းပူးပေါင်းဆောင်ရွက်ကြမှသာ မျှော်မှန်းသည့်ပန်းတိုင်ကို အချိန်တိုအတွင်း အောင်အောင်မြင်မြင်ရောက်ရှိနိုင်မည် ဖြစ်ပါသည်။ ထိုပန်းတိုင်သို့ ရောက်ရှိရန် အဓိကကျသည့်အချက်မှာ မိမိတို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးပင် ဖြစ်ပါသည်။

ယခုလတ်တလောအခြေအနေတွင် ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ သဘောထားကွဲလွဲပြီး နိုင်ငံနှင့်ပြည်သူအကျိုးကို မျက်ကွယ်ပြုလုပ်ဆောင်နေသော အချို့အဖွဲ့အစည်းများ၏ ခြေထိုးမှုများ၊ ကျင့်ဝတ်ဖောက်ဖျက်ပြီး နိုင်ငံတော်ကို အန္တရာယ်ချောက်ကမ်းပါးထဲသို့ ဆွဲချနေသည့် မဟုတ်မမှန်လုပ်ကြံသတင်းများ၊ NUG, CRPH, PDF အစရှိသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးမှုနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသအချို့တွင်ရှိသည့် ပြည်သူလူထုအကြား အသိအမြင်များမှားပြီး ညီညွတ်မှုများ ပြိုကွဲကာ မငြိမ်းမချမ်းဖြစ်နေသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။ ထိုအခြေအနေများ၏ အကျိုးဆက်သည် နိုင်ငံတော်၏ကောင်းကျိုးကို ဖော်ဆောင်နိုင်မည် မဟုတ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူအားလုံးအတွက် အန္တရာယ်ဖြစ်စေကြောင်း သတိထားဆင်ခြင်နိုင်ကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာ၀နံ်အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ပွားများဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရပါမည်။

မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် တည်ဆောက်ကြရာတွင် ကယားပြည်နယ်ရှိ တိုင်းရင်းသားများကလည်း အတွေးအခေါ် အယူအဆ မှန်ကန်စွာဖြင့် စည်းစည်းလုံးလုံး ဝိုင်း၀နံ်းပူးပေါင်းပါ၀င်ဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ဖော်ဆောင်နိုင်သူများ ဖြစ်ကြပါစေ၊ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘ၀ တိုးတက်မြင့်မားလာရေးကို အားကြိုးမာန်တက် ဆောင်ရွက်နိုင်ကြပါစေ၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားတိုးတက်မြင့်မားရေးကို ဝိုင်း၀နံ်းဖော်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
နိုင်ငံတော်၀နံ်ကြီးချုပ်
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထားဝယ်မြို့ ရှိ ရွှေတောင်စားစေတီတော် မြတ်ကြီးအား လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းဝြိမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးခင်ရီ၊ ဒေါက်တာ ညွှန့်ဖေ၊ ဦးရွှေလေး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဖူးမြော်ကြည်ညို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဘုရားဂေါပက အဖွဲ့ဝင် ဦးကြည်ဝင်းနှင့် အဖွဲ့ဝင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေတောင်စားစေတီတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စေတီတော်ကြီးပရိဝုဏ်အတွင်းရှိ သမိုင်းဝင်ဖိုးမြတ်သိုင်းဖွား ရွှေနှုံးသမုတ် သိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး သိမ်တော်ကြီးအား ရှေးမူလက်ရာ မပျက် ထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုရှု၍ လိုအပ်သည်များမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီး ပရိဝုဏ်အတွင်းရှိ မဟာဝိဇယခေမသီတလ နိဗ္ဗုတ ဃောသ မဟာခေါင်းလောင်းတော်ကြီးကို ငါးချက်ထိုး၍ ပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်များက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာများဖြင့် ပြည့်စုံသည့် ပညာတတ် လူသားအရင်းအမြစ်များ များစွာမွေးထုတ်ပေးရန် လိုအပ်မည်

နေပြည်တော် ဧန်နဝါရီ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွင့်ဦး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးခင်ရီ၊ ဒေါက်တာညွှန့်ဖေ၊ ဦးရွှေလေး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်တို့ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ထားဝယ်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ သန်းသန်းဦးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြပြီး တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် တက္ကသိုလ်ပါမောက္ခချုပ်က တက္ကသိုလ်သမိုင်းအကျဉ်းနှင့် ပညာရေးဝန်ထမ်းများ ခန့်အပ်ထားရှိမှု အခြေအနေ၊ ၂၀၁၉-၂၀၂၀ ခုနှစ် ပညာသင်နှစ်အတွင်း ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်တက်ရောက်မှုအခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေ၊ ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ တက္ကသိုလ်အတွင်း မိုးလုံလေလုံအားကစားရုံတစ်ခု၊ ရေသိုလှောင်ကန်တစ်ခုတို့အပါအဝင် လိုအပ်သည့် အဆောက်အဦများ ဆောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လိုအပ်ချက်များကို တင်ပြ

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေက ထားဝယ်တက္ကသိုလ်မှ ပညာသင်နှစ်အလိုက် ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်ခဲ့မှုအခြေအနေ၊ တက္ကသိုလ်တွင် အမှန်တကယ် လိုအပ်သည့် သင်ကြားမှုသင်ယူမှု အထောက်အကူပြု ပစ္စည်းများနှင့် တက္ကသိုလ်ဥပဓိရုပ်ကောင်းမွန်စေရေး ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ လိုအပ်ချက်များကို တင်ပြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထားဝယ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ဆရာ၊ ဆရာမများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ထားဝယ်တက္ကသိုလ်သည် ၁၉၇၇ ခုနှစ်တွင် ဒေသကောလိပ်အဆင့်မှ စတင်ပေါ်ပေါက်လာခြင်းဖြစ်ပြီး လာမည့် ၂၀၂၇ ခုနှစ်တွင် တက္ကသိုလ် ရွှေရတုနှစ်သို့ တိုင် ရောက်ရှိတော့မည်ဖြစ်သဖြင့် ရွှေရတုအတွက် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ တက္ကသိုလ်ဆိုသည်မှာ စာပေပညာသင်ကြားခြင်း သီးသန့်မဟုတ်ဘဲ အတတ်ပညာများကို သင်ကြားပေးခြင်း၊ လေ့လာသင်ယူစေခြင်းတို့ပင်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာသင်ကြားခဲ့ရချိန်တွင် အသက်အရွယ်တန်းတူဖြတ်သန်းခဲ့ရပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်းစသည်ဖြင့် ပတ်ဝန်းကျင်ပြောင်းလဲမှုအလိုက် လေ့လာသင်ယူခဲ့ရကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသည့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ပတ်ဝန်းကျင်အသစ်ကို ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သဖြင့် တက္ကသိုလ်များသည် ပတ်ဝန်းကျင်ကောင်း၊ အတွေ့အကြုံကောင်းများရရှိပြီး ၎င်းတို့၏ဘဝတစ်လျှောက်ဖြတ်သန်းမှုတွင် လက်တွေ့အသုံးချနိုင်မည့် အသုံးဝင်နိုင်မည့် စာပေပညာ၊ လူမှုဆက်ဆံရေးပညာတို့ကို ရရှိသွားရန် လိုအပ်မည်ဖြစ်ကြောင်း။

ပညာရေးအားပေးဆောင်ရွက်

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာများဖြင့် ပြည့်စုံသည့် ပညာတတ် လူသားအရင်းအမြစ်များ များစွာမွေးထုတ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အခြေခံပညာသင်ကြားသည့် အသက်အရွယ်မှစ၍ နှစ်စဉ်တန်းစဉ် ကူးပြောင်းမှုရာခိုင်နှုန်းကို မြင့်မားလာအောင် လုပ်ဆောင်ပြီး အမှန်တကယ် တတ်မြောက်မှုရှိအောင် သင်ကြားပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်ချက်ရာခိုင်နှုန်းများ နည်းပါးလာသည့် အခြေအနေကို စိစစ်ခဲ့ရာတွင် တန်းစဉ်ကူးပြောင်းမှုများ၌ အမှန်တကယ် တတ်မြောက်မှုမရှိခဲ့ခြင်းနှင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲမေးခွန်းများနှင့် အထက်တန်းအဆင့် စာမေးပွဲမေးခွန်းတို့တွင် ခက်ခဲမှု ကွာဟချက်မြင့်မားနိုင်ခြင်းတို့ကြောင့် ဖြစ်နိုင်သည်ကို သုံးသပ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် တန်းစဉ်ကူးပြောင်းမှုများတွင် အမှန်တကယ် တတ်မြောက်မှုရှိအောင် သင်ကြားပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ စစ်တမ်းကောက်ယူချက်များအရ မိမိတို့နိုင်ငံတွင် စာမတတ်မြောက်သူဦးရေ ၁၀ သန်းကျော်ခန့်ရှိသည်ကို တွက်ချက်တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကျောင်းနေ အရွယ်ကလေးမှန်သမျှ ကျောင်းတက်ရန်လိုအပ်မည်ဖြစ်ကြောင်းနှင့် စာပေပညာတတ်မြောက်မှုရှိအောင် သင်ကြားပေးနိုင်ရမည်ဖြစ်ကြောင်း၊ ကျောင်းများ၊ တက္ကသိုလ်များကို ဖွင့်လှစ်၍ ပညာတတ် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် ကျောင်းတက်ရောက်၍ စာပေပညာများ သင်ယူရန်၊ အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ရပ်တည်နိုင်ရန်အတွက် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများက ပူးပေါင်းပါဝင်၍ ပညာရေးကို အားပေးဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

အပြန်အလှန် မေးမြန်းဆွေးနွေးခြင်း ဆောင်ရွက်

တက္ကသိုလ်တွင် ပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို စာပေပညာ၊ အတတ်ပညာတို့တွင် စိတ်ပါဝင်စားမှုရှိရန်၊ အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း၊ အလွတ်ကျက်ပညာရေး သဘောမျိုးမဟုတ်ဘဲ သင်ယူလေ့လာခြင်း Study စနစ်ဖြင့် သင်ကြားမှုစနစ်ဖြစ်ရန်လိုပြီး ဆရာနှင့် ကျောင်းသား အပြန်အလှန် မေးမြန်းဆွေးနွေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာ စာပေဘာသာပညာရပ်များကို လေ့လာဖတ်ရှုမှတ်သားခြင်းတို့ လုပ်ဆောင်စေရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာ၊ စိတ်ကြည်နူးချမ်းသာမှုရှိစွာဖြင့် ပညာသင်ယူနိုင်ရေးအတွက်လည်း ကျောင်းပရိဝုဏ်အတွင်း

စာမျက်နှာ ၆ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆိပ်ခံတံတားအား ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ထားဝယ် – ကမြောကင်း – လောင်းလုံးလမ်းပေါ်ရှိ ကမြောကင်းတံတား တည်ဆောက်နေမှုအခြေအနေများနှင့် ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး က ရှင်းလင်းတင်ပြစဉ်။

❖ *ရှေ့ဖုံးမှ*

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကမြောကင်းတံတား တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက တနင်္သာရီတိုင်းဒေသကြီး အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ဘုရားကြီး – မော်လမြိုင် – ထားဝယ်–မြိတ် – ဘုတ်ပြင်း – ကော့သောင်းလမ်း၊ လေညာ–ရတနာပုံလမ်း၊ ထားဝယ်(SEZ)–မေတ္တာ–ထီးခီးလမ်း၊ ထားဝယ်မြို့ရှောင်လမ်း၊ ထုံခါ – သဲဖြူ – မောတောင်လမ်းများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ထားဝယ် – ကမြောကင်း – လောင်းလုံးလမ်းပေါ်ရှိ ကမြောကင်းတံတားအသစ် တည်ဆောက်နေမှုနှင့် ဘဏ္ဍာရေးနှစ်အလိုက် ပြီးစီးမှုအခြေအနေ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ ပေ ၁၈၀ အထက်တံတားများ တည်ဆောက်နေမှုအခြေအနေ၊ ကျေးလက်လမ်းများအား ရာသီမရွေးသွားနိုင်သော လမ်းများ ဖြစ်စေရေး အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က

“ကမြောကင်းတံတားသည် ထားဝယ်-ကမြောကင်း-လောင်းလုံးလမ်းပေါ်တွင် တည်ရှိပြီး ထားဝယ်မြစ်ကို ဖြတ်သန်းတည်ဆောက်နေခြင်းဖြစ်ကာ တံတားအရှည် ပေ ၁၀၅၀ ရှိ၊ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် ၅ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ၊ အမြင့် ၁၆ ပေရှိမည်ဖြစ်၊ တည်ဆောက်ရေးစီမံကိန်းအား ၂၀၂၁ ခုနှစ် ဧဖေါ်ဝါရီ ၁၆ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် မတ်လအတွင်း ပြီးစီးနိုင်ရေး ရည်မှန်းတည်ဆောက်လျက်ရှိ”

မိုးများသည့်ဒေသဖြစ်သဖြင့် လမ်းများ ရေရှည်ကောင်းမွန်စေရေး မြေပြုပြင်ခြင်းများ စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းများပျက်စီးမှုသည် အဓိကမှာရေကြောင့်ဖြစ်ကြောင်း၊ ရေဆင်းရန်နှင့် ရေထွက်ရန်လိုကြောင်း၊ လမ်းပေါ် သစ်ကိုင်းများ ရောက်ပြီး မိုးရေကျမှုများလည်း အနည်းဆုံးဖြစ်ရန်လိုကြောင်း၊ မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်းပခုံးများ သတ်မှတ်ချက်များ အတိုင်းရှိစေရန်နှင့် လမ်းနယ်မျဉ်းအား စနစ်တကျဖြင့် သတ်မှတ်ဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် မော်တော်ဆိုင်ကယ်အစီးရေ ၆ သန်းခန့်ရှိသဖြင့် လမ်းများ ဖောက်လုပ်ရာတွင် ဆိုင်ကယ်သွားရန် အတွက်ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရန် လိုကြောင်း၊ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့တွင်းနှင့်ရွာတွင်းလမ်းများ တည်ဆောက်ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီစေရန်အတွက် စနစ်တကျဖြင့် ကြေပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းများပေါ်တွင် မော်တော်ယာဉ်များ မောင်းနှင်ရာ၌ ယာဉ်မတော်တဆမှုများမဖြစ်ပွားစေရေး အမြန်နှုန်းသတ်မှတ်ချက်များထားရှိရန်နှင့် လမ်းအကွေ့နေရာများတွင် Guard Post များ ထည့်သွင်းတည်ဆောက်ရန်လိုကြောင်း၊ တံတားများ တည်ဆောက်ရာတွင် ခံနိုင်ဝန်ရှိရန်နှင့် ရေရှည်ခိုင်ခံ့မှုရှိစေရေးအတွက် သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျဖြင့် တည်ဆောက်ရန် လိုကြောင်း၊ ကျေးလက်လမ်းများ တည်ဆောက်ရာတွင် ရာသီဥတုကြောင့် ပျက်စီးမှုမရှိစေရေး စနစ်တကျဖြင့် တည်ဆောက်ရန်လိုပြီး ကျေးလက်နေပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ကျေးလက်လမ်းများ ကောင်းမွန်မှုရှိနေရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကမြောကင်းတံတားတည်ဆောက်နေမှု လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေး၍ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ကမြောကင်းတံတားသည် ထားဝယ်–ကမြောကင်း–လောင်းလုံးလမ်းပေါ်တွင်တည်ရှိပြီး ထားဝယ်မြစ်ကို ဖြတ်သန်းတည်ဆောက်နေခြင်းဖြစ်ကာ တံတားအရှည် ပေ ၁၀၅၀ ရှိကြောင်း၊ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် ၅ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ၊ အမြင့် ၁၆ ပေရှိမည်ဖြစ်ကြောင်းနှင့် တည်ဆောက်ရေး စီမံကိန်းအား ၂၀၂၁ ခုနှစ် ဧဖေါ်ဝါရီ ၁၆ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် မတ်လအတွင်း ပြီးစီးနိုင်ရေး ရည်မှန်းတည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

စာမျက်နှာ ၅ မှ

သန့်ရှင်းသာယာလှပရေးနှင့် အပန်းဖြေရိပ်သာ အပါအဝင် နေချင့်စဖွယ် ပတ်ဝန်းကျင်ဖြစ်အောင် ဖန်တီးပေးထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်တွင် လိုအပ်သည့် ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်များကို အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုကြောင်း၊ လောင်းလုံး၊ သရက်ချောင်းနှင့် အခြား အလှမ်းကွာဝေးသည့်ဒေသများမှ လာရောက်ပညာသင်ကြားသူများအတွက် နေထိုင်စားသောက်မှု အဆင်ပြေအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အခြားအရေးပေါ် အခြေအနေများအတွက်လည်း ကြိုတင်မျှော်မှန်း ပြင်ဆင်ဆောင်ရွက်ပေးထားရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေး

ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နေသည့်အတွက် ဥပဒေနှင့် စီးပွားရေးအတတ်ပညာကို နိုင်ငံနှင့်အဝန်း သိရှိရန် လိုအပ်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်တိုင်းတွင် ယခင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထားဝယ်မြို့ တလိုင်းထိန်ရပ်ကွက်ရှိ ဆိပ်ကမ်းသာပန်းခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

သင်ကြားပေးလျက်ရှိသည့် ဘာသာရပ်များအပြင် စီးပွားရေးဆိုင်ရာ ဘာသာရပ်နှင့် ဥပဒေဆိုင်ရာ ဘာသာရပ်များကိုပါ သင်ကြားပေးနိုင်ရေး လုပ်ဆောင်စေလျက်ရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၌ Ph.D ဘွဲ့အထိ သင်ကြားပေးအပ်နိုင်သည့် တက္ကသိုလ်တစ်ခုစီရှိစေရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့ တာဝန်ကျရာဒေသ၏ ပညာရည်အဆင့် အတန်းမြင့်မားစေရေးအတွက် သင်ကြားရေး တာဝန်များကို လာရောက်ထမ်းဆောင်နေကြသည့် ဆရာ၊ ဆရာမများအားလုံးကို အသိအမှတ်ပြုပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပညာရေးမြှင့်တင်မှုကဏ္ဍအတွက် လိုအပ်သည်မှန်သမျှကို ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ တလိုင်းထိန်ရပ်ကွက်ရှိ ဆိပ်ကမ်းသာပန်းခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပန်းခြံသန့်ရှင်းသာယာလှပရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆိပ်ခံတံတားသို့ သွားရောက်ကြည့်ရှုရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဆိပ်ခံတံတား အဆင့်မြှင့်တင်ရေး၊ ထားဝယ်မြစ်အဆင့်မြှင့်တင်ရေးနှင့် ထားဝယ်ကမ်းနားလမ်းတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် လိုအပ်သည်များနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘုတ်ပြင်းတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ဘုတ်ပြင်းတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား

မိမိတို့ကိုယ်တိုင် ဗဟုသုတစာပေများကိုဆည်းပူးရန် လိုအပ်သကဲ့သို့ မိမိတို့၏သားသမီးများကို ပညာတတ်များဖြစ်စေရေး ပညာရေးကိုအားပေးရန်လိုအပ်

နေပြည်တော် ဇန်နဝါရီ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူတို့လိုက်ပါ၍ ယနေ့ ညနေပိုင်းတွင် ဘုတ်ပြင်းတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။

အမြဲလေ့ကျင့်ဆောင်ရွက်နေကြရမည်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်သားများ၊ တပ်ရင်းတပ်ဖွဲ့များဖြစ်စေရေး အမြဲလေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ အမိန့်နှာခံတတ်မှုသည် စစ်သားကောင်းတစ်ယောက်ဖြစ်ရန်အတွက် အခြေခံကောင်းတစ်ခုပင်ဖြစ်ပြီး စစ်သည်တိုင်း တစ်ဦးချင်းလိုက်နာရမည့် ကျင့်ဝတ် အပါး ၆၀ ကို မှန်မှန်ကန်ကန်ဖြင့် လိုက်နာဆောင်ရွက်မည်ဆိုပါက စွမ်းရည်သုံးရပ်ပြည့်စုံသည့် စစ်သားကောင်းတစ်ယောက် ဖြစ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြရသူများဖြစ်သည့်အတွက် စစ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ထိခိုက်မှုများရှိနိုင်မည်ဖြစ်သောကြောင့် မိမိတို့တစ်ဦးချင်း၏ ဘေးအန္တရာယ်ကင်းရှင်းစေရေး သင်တန်းကျောင်းများမှ သင်ကြားပေးလိုက်သည့် စစ်ပညာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ အသုံးချရန်နှင့် ပေးအပ်လာသည့် အမိန့်နှင့် တာဝန်ကို ကျေပွန်စွာ အကောင်အထည်ဖော်နိုင်ရမည်ဖြစ်ကြောင်း။

တိုက်တွန်းချက်နှင့် တားမြစ်ချက်များ

စစ်စည်းကမ်းသည် တိုက်တွန်းချက်နှင့် တားမြစ်ချက်များပင်ဖြစ်ပြီး မဖြစ်သင့်သည်များကို မဖြစ်စေရန်၊ စည်းကမ်းကျနပြီး စစ်သားပီသသည့် နေထိုင်သွားလာ လှုပ်ရှားမှုမျိုးဖြစ်စေရန် ချမှတ်ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများဖြစ်သဖြင့် အမှန်တကယ် လိုက်နာဆောင်ရွက်မည်ဆိုပါက တစ်ဦးတစ်ယောက်ချင်းစီအတွက် အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ ခေတ္တတပ်နယ်မှူးက လက်ခံရယူစဉ်။

> ❒ **အမိန့်နှာခံတတ်မှုသည် စစ်သားကောင်းတစ်ယောက် ဖြစ်ရန်အတွက် အခြေခံကောင်းတစ်ခုပင်ဖြစ်ပြီး စစ်သည်တိုင်း တစ်ဦးချင်းလိုက်နာရမည့် ကျင့်ဝတ် အပါး ၆၀ ကို မှန်မှန်ကန်ကန်ဖြင့် လိုက်နာဆောင်ရွက်မည်ဆိုပါက စွမ်းရည်သုံးရပ်ပြည့်စုံသည့် စစ်သားကောင်းတစ်ယောက် ဖြစ်လာမည်**
>
> ❒ **နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာ၌ နိုင်ငံတော်နှင့် တပ်မတော်က အားထားရသူများဖြစ်စေရေး အမြဲကြိုးပမ်းဆောင်ရွက်နေကြရမည်**

မျိုးဆက်သစ်များ မွေးထုတ်ပေး

တပ်မတော်သားများ၊ မိသားစုဝင်များ၏ ပညာရည် မြင့်မားရေးနှင့်ပတ်သက်၍ တပ်မတော်တစ်ရပ်လုံးတွင် မူလတန်းပညာ ပြီးမြောက်အောင်မြင်စေရေး တပ်မတော်ပညာရေးကျောင်းများတွင် သင်ကြားပေးခဲ့ပြီးဖြစ်ပြီး တစ်ဆင့်မြင့်သည့် အတန်းပညာများကို ဆက်လက်သင်ကြားနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ ထို့ကြောင့် မိမိဘဝ တိုးတက်ရေး၊ အသိပညာမြင့်မားရေးအတွက် မိမိတို့တစ်ဦးချင်း ကိုယ်တိုင်ကြိုးစားအားထုတ်ခွင့်ရှိသဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ကိုယ်တိုင် စာပေဖတ်ရှုလေ့လာရန်၊ ဗဟုသုတစာပေများကို ဆည်းပူးရန် လိုအပ်သကဲ့သို့ မိမိတို့၏သားသမီးများကို ပညာတတ်များဖြစ်စေရေးအတွက် ပညာရေးကိုအားပေးရန် လိုအပ်မည်ဖြစ်ပြီး အသိပညာအတတ်ပညာနှင့် ပြည့်စုံသည့် မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာ၌ နိုင်ငံတော်နှင့် တပ်မတော်က အားထားရသူများဖြစ်စေရေး အမြဲကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ မိမိတပ်၏ ကောင်းရာကောင်းကျိုးများကို တစ်ဦးချင်းအသိသတိဖြင့် ဆောင်ရွက်ခြင်းဖြင့် တပ်မတော်နှင့် နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးများကိုလည်း မိမိတို့ တတ်စွမ်းသည့်ဘက်မှ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

လက်ခံရယူ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ ခေတ္တတပ်နယ်မှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းနှင့်ပတ်သက်၍ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးကုမ္ဗဏီမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

စားသုံးဆီများတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် စားသုံးဆီထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များအနေဖြင့် ယခုထက် ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှု

နေပြည်တော် ဇန်နဝါရီ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းဌေမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် ဘုတ်ပြင်းမြို့ရှိ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

တိုးချဲ့စိုက်ပျိုးနိုင်ရေး စိစစ်ဆောင်ရွက်

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းများ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေး စိစစ်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စားသုံးဆီများနှင့် ဆပ်ပြာများထုတ်လုပ်

ယင်းနောက် တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးကုမ္ဗဏီ အထွေထွေမန်နေဂျာ ဦးခိုင်ထူး၊ ယုဇနဆီအုန်းစိုက်ပျိုးရေးကုမ္ဗဏီမှ ဦးအန်းဘန်တို့က တောင်ဒဂုံဆီအုန်း စိုက်ပျိုးရေးစီမံကိန်းနှင့်ပတ်သက်၍ စီမံကိန်းစတင်ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းမှ ထွက်ရှိသည့် ဆီသီးခိုင်များနှင့် ဆီသီးခိုင်မှထုတ်လုပ်သည့် ဆီနှင့် ဆပ်ပြာများကို ကြည့်ရှုစဉ်။

- ❖ စိုက်ပျိုးမြေများတွင် အမှန်တကယ် စိုက်ပျိုးခြင်းမရှိခြင်းကြောင့် အမှန်တကယ် စိုက်ပျိုးဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များနှင့် နိုင်ငံတော်အတွက် များစွာနစ်နာမှုများ ဖြစ်ပေါ်လျက်ရှိ
- ❖ စိုက်ပျိုးမြေများကို အမှန်တကယ်အသုံးချခြင်း ရှိ/မရှိကို မြေယာမူဝါဒ၊ မြေယာဥပဒေများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနက အမြန်ဆုံးစိစစ်တင်ပြဆောင်ရွက်
- ❖ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းရှင်များအနေဖြင့်လည်း စိုက်ပျိုးမြေများတွင် အမှန်တကယ် စိုက်ပျိုးရန်နှင့် ဆီအုန်းများအား စားသုံးဆီထုတ်လုပ်နိုင်ရေး သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ဆောင်ရွက်ရန်လို

နေမှုအခြေအနေ၊ စိုက်ပျိုးရန်ကျန်ရှိသည့် နေရာများတွင် ဆက်လက်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ နိုင်ငံတော်သို့ အခွန်ငွေများပေးသွင်းမှုအခြေအနေ၊ ကုမ္ဗဏီဖွဲ့စည်းမှုနှင့် ဝန်ထမ်းများ ခန့်အပ်ထားရှိမှုအခြေအနေ၊ မျိုးများအား အဆင့်ဆင့်ပျိုးထောင်စိုက်ပျိုးမှုအခြေအနေ၊ ဆီသီးများအား အရည်အသွေးစစ်ဆေးခြင်းနှင့် အရည်အသွေး ကိုက်ညီသည့် ဆီများထုတ်လုပ်နိုင်ရေး အဆင့်ဆင့်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ထုတ်လုပ်သည့်ဆီကြမ်းများအား ရန်ကုန်မြို့ရှိ ဆီချောထုတ်လုပ်ရေးစက်ရုံသို့ ပို့ဆောင်လျက်ရှိမှု အခြေအနေ၊ ဆီအုန်းကိုအခြေခံ၍ စားသုံးဆီများနှင့် ဆပ်ပြာများ ထုတ်လုပ်နေမှုအခြေအနေ၊ ဆီသီးခိုင်များထွက်ရှိမှုနှင့် ဆီကြမ်းနှင့် ဆီချော(စားအုန်းဆီ)များ ထုတ်လုပ်နိုင်မှုအခြေအနေ၊ ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် ကျန်းမာရေး၊ ပညာရေးအတွက်လည်း ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

ထို့နောက် စိုက်ပျိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ထွဋ်ဦးက တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းများ စိုက်ပျိုးဆောင်ရွက်လျက်ရှိမှုနှင့် ယခုထက် ပိုမိုစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြီး စိုက်ပျိုးမြေများတွင် အမှန်တကယ်စိုက်ပျိုးခြင်းမရှိခြင်းကြောင့် အမှန်တကယ်စိုက်ပျိုးဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များနှင့် နိုင်ငံတော်အတွက် များစွာနစ်နာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမြေများကို အမှန်တကယ်အသုံးချခြင်း ရှိ/မရှိကို မြေယာမူဝါဒ၊ မြေယာဥပဒေများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနက အမြန်ဆုံးစိစစ်တင်ပြဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဆီအုန်းစိုက်ပျိုးရေးအတွက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တာဝန်ယူဆောင်ရွက်ခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ဧရာဝတီတိုင်းဒေသကြီးအား နိုင်ငံတော်၏ဆန်အိုးကြီးအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းသည့် တနင်္သာရီတိုင်းဒေသကြီးကိုလည်း ဆီအိုးကြီးအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်လည်း ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုမှ စားသုံးဆီများရရှိသကဲ့သို့ အခြားထုတ်ကုန်များကိုလည်း ထုတ်လုပ်လျက်ရှိကြောင်း၊ လက်ရှိစိုက်ပျိုးနေသည့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့်လည်း စိုက်ပျိုးမြေများတွင် အမှန်တကယ်စိုက်ပျိုးရန်နှင့် ဆီအုန်းများအား စားသုံးဆီထုတ်လုပ်နိုင်ရေး သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ဆောင်ရွက်ရန်လိုကြောင်း။

ဆီအုန်းများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ မြေကောင်းမွန်ရန်နှင့် ရေလုံလောက်စွာရရှိရန်ဆောင်ရွက်ပြီး စိုက်နည်းစနစ် မှန်ကန်စွာဖြင့် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများအား အခြားနည်းများဖြင့် အသုံးမပြုစေရေး တာဝန်ရှိသူများက ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ရန်လိုကြောင်း၊ သက်တမ်းကုန်ဆုံးတော့မည့်အပင်များ ပြန်လည်ဖြည့်စွက်စိုက်ပျိုးရာတွင် လစ်ဟာမှုမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီး အပိုင်းလိုက်ခွဲ၍ စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးပင်များ ကုန်ကြမ်းများ ထုတ်လုပ်နိုင်မှုကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီစားသုံးမှုမှာ တစ်ဦးချင်းအနေဖြင့် မြင့်မားပြီး စားအုန်းဆီများအား ပြည်ပမှနှစ်စဉ် ဆီတန်ချိန်များစွာ တင်သွင်းခဲ့ရကာ ၂၀၂၀- ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ဖိုးခန့် တင်သွင်းခဲ့ရသဖြင့် နိုင်ငံတော်မှ ငွေကြေးများစွာ သုံးစွဲခဲ့ရကြောင်း။

ပညာရှင်များ၏ တွက်ချက်မှုအရ ကျန်းမာရေးအတွက် လူတစ်ဦး၏ တစ်ရက်ဆီလိုအပ်ချက်သည် ၁ ဒသမ ၅၈ ကျပ်သားဖြစ်၍ တစ်နှစ်လျှင် ၆ ပိဿာခန့်သာ စားသုံးသင့်ပြီး တစ်ဖက်မှ ဆီစားသုံးမှုလျှော့ချသကဲ့သို့ တစ်ဖက်တွင် ဆီအထွက်နှုန်းတိုးစေရန်အတွက် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ကိုယ်စီကျန်းမာသောဘဝကို ပိုင်ဆိုင်ကာ နိုင်ငံအတွက်လည်း နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ စားသုံးဆီများတင်သွင်းမှုလျှော့ချနိုင်ရေးအတွက် ယခုစားသုံးဆီထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များအနေဖြင့် ယခုထက်ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ စိုက်ဧကများအား မှန်မှန်ကန်ကန် စနစ်တကျဖြင့် စိုက်ပျိုး၍ အထွက်နှုန်းတိုးမြင့်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအား ပြုပြင်ပြောင်းလဲရန်လိုကြောင်း၊ နိုင်ငံအတွက်နစ်နာမှုများစွာ ဖြစ်ပေါ်လျက်ရှိသဖြင့် အားလုံးကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ကော့သောင်းဒေသနှင့် ဘုတ်ပြင်းဒေသများတွင် ဆီအုန်းများ ရာနှုန်းပြည့်စိုက်ပျိုးကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများပေးအပ်ပြီး တောင်ဒဂုံဆီအုန်း စိုက်ပျိုးရေးစီမံကိန်း ဆီကြမ်းထုတ်လုပ်ရေး စက်ရုံအတွင်း စက်ရုံလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းမှ ထွက်ရှိသည့် ဆီသီးခိုင်များနှင့် ဆီသီးခိုင်မှတစ်ဆင့် ကာနယ်ဆီ၊ ဆီကြမ်းဆီ၊ စားအုန်းဆီနှင့် ဆပ်ပြာများ ထုတ်လုပ်ထားရှိမှုအား ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၄၁ ဒသမ ၇၉ သန်းနှင့် ငွေကျပ် ၈၀၆၀၆၆ ဒသမ ၅၉၅ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၆၄၆ နေရာကို ဖန်တီးပေးနိုင်မည်

နေပြည်တော် ဇန်နဝါရီ ၁၄

ဒေါ်လာ ၂၄၁ ဒသမ ၇၉ သန်းနှင့် ငွေကျပ် ၈၀၆၀၆၆ ဒသမ ၅၉၅ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂၆၄၆ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် ၁၈ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၅) ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်း အပါအဝင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ သတ္တုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ၌ လုပ်ငန်းသစ် ၁၀ ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၄၁ ဒသမ ၇၉ သန်းနှင့် ငွေကျပ် ၈၀၆၀၆၆ ဒသမ ၅၉၅ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂၆၄၆ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအစည်းအဝေး၌ ခွင့်ပြုခဲ့သည့်လုပ်ငန်းများတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ထားသည့် ကဏ္ဍများဖြစ်သော မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍများ ပါဝင်သည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမှုအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခုက စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၇၉ ဒသမ ၃၉၅ သန်းဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် လုပ်ငန်းပေါင်း ၂၀ က စုစုပေါင်း ငွေကျပ် ၁၀၄၈၀၂၉ ဒသမ ၂၁၅ သန်းဖြင့် လည်းကောင်း ခွင့်ပြုခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၂၇၄၇ ခု ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တနင်္သာရီတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၄၆၀၅ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ် ၈၆၉၉ ကတ် ဆောင်ရွက်ပြီးဖြစ်

ထားဝယ် ဇန်နဝါရီ ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီသည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို၊ တာဝန်ရှိသူများနှင့် အတူ ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၃ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ထားဝယ်ခရိုင်၊ ထားဝယ်၊ လောင်းလုံး၊ သရက်ချောင်းနှင့် ရေဖြူမြို့နယ်များအတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ပန်းခင်းစီမံချက်သည် မြန်မာနိုင်ငံအတွင်း အခြေပြုမှီတင်းနေထိုင်သော မွေးရာပါတိုင်းရင်းသားအားလုံးနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကာယကံရှင် ပြည်သူများထံ လွယ်ကူလျင်မြန်စွာရရှိရေးအတွက် နိုင်ငံတော်အစိုးရ၏ စီမံချက်တစ်ခုဖြစ်သဖြင့် အခြားသော ဆက်စပ်ဌာနများနှင့် ပြည်သူများ ပူးပေါင်းပါဝင်မှုရှိမှသာ အောင်မြင်မည်ဖြစ်ကြောင်း။

နိုင်ငံသား စိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိနိုင်မည့် အထောက်အထားတစ်ခုဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လူမှုဘဝ ဆောင်ရွက်မှုတိုင်းတွင် မရှိမဖြစ်အရေးကြီးသည့် ကတ်ပြားဖြစ်သည်နှင့်အညီ နိုင်ငံသားအားလုံးက မဖြစ်မနေ ဆောင်ရွက်ကိုင်ဆောင်ထားကြရန်လိုကြောင်း၊ ပြည်သူများ ကုန်ကျစရိတ် သက်သာစေရေးအတွက် နိုင်ငံတော်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိရာ ကတ်ပြားမရှိသေးသူ ပြည်သူများ အနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများထံ အသိပေးအကြောင်းကြားကာ ဆက်သွယ်ဆောင်ရွက်ကြရန်လိုကြောင်း။

တနင်္သာရီ တိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်ဖြင့် သက်ဆိုင်ရာ မြို့နယ်အလိုက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယခုအထိ အိမ်ထောင်စုလူဦးရေစာရင်း ၄၆၀၅ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ် ၈၆၉၉ ကတ် ဆောင်ရွက်ပြီး ဖြစ်ကြောင်း၊ မြို့နယ်အလိုက် သတ်မှတ်ကာလ အတွင်း ဆောင်ရွက်ရမည့် လျာထားချက်ပြည့်မီ ပြီးစီးရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထားဝယ်ခရိုင်အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်း ၅၁၉ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၂၉၂၂ ကတ်ကို ကာယကံရှင် ပြည်သူများထံ ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

သတင်းစဉ်

ငွေကြေးခဝါချမှုကို တားဆီးကာကွယ်ရန် သတင်းပို့အဖွဲ့အစည်းများအပေါ် ကြီးကြပ်ဆောင်ရွက်ခြင်းကို စနစ်တကျဆောင်ရွက်ကြရန် လိုအပ်

နေပြည်တော် ဇန်နဝါရီ ၁၄

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၂)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရုံး အရိန္ဒမာခန်းမ၌ ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးအသားအဆင့်မဟာဗျူဟာ (၂၀၁၉-၂၀၂၃)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အဖွဲ့ဝင်နိုင်ငံ အချင်းချင်း အပြန်အလှန် အကဲဖြတ်ရေး အစီရင်ခံစာအရ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF) ၏အကြံပြုချက်များအပေါ် စဉ်ဆက်မပြတ်တိုးတက်ဆောင်ရွက်မှု အစီရင်ခံစာ (Follow Up Report) ကို အာရှပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (Asia-Pacific Group on Money Laundering-APG) သို့ နှစ်စဉ်ဖေဖော်ဝါရီ ၁ ရက်တွင် ပေးပို့လျက်ရှိပါကြောင်း၊ FATF ၏ တိုးတက်ဆောင်ရွက်မှုများကို စောင့်ကြည့်ရမည့် နိုင်ငံနှင့် ဒေသများစာရင်းလုပ်ငန်းစဉ်အရ အကောင်အထည်ဖော်ရမည့် အစီအမံ (Action Plan) ၏ တိုးတက်မှု အစီရင်ခံစာ (Progress Report) ကို အာရှပစိဖိတ်ဒေသပူးတွဲအဖွဲ့ (Asia-Pacific Joint Group-APJG) သို့ လေးလ (၁)ကြိမ် ပေးပို့လျက်ရှိပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ အစည်းအဝေးကျင်းပပြီး ညှိနှိုင်းဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

FATF က မိမိတို့ နိုင်ငံအပေါ် သတ်မှတ်ထားသည့် တိုးတက်ဆောင်ရွက်မှုများကို စောင့်ကြည့်ရမည့် နိုင်ငံနှင့် ဒေသများစာရင်းမှ ပယ်ဖျက်နိုင်ရေးဆောင်ရွက်ရန် အရေးကြီးပြီး တိုးတက်ဆောင်ရွက်မှုများကိုလည်း ပြသနိုင်ခဲ့ပါကြောင်း၊ တရားမဝင်ရရှိထားသော ငွေကြေးနှင့် ပစ္စည်းများ နိုင်ငံတော်၏ငွေရေးကြေးရေး စနစ်အတွင်းဝင်ရောက်ခြင်းမှ တားဆီးကာကွယ်ရန် ငွေကြေးခဝါချမှုနှင့် ဆက်စပ်သည့် ပြစ်မှုများနှင့် ပတ်သက်၍ စိစစ်စုံစမ်းမှုများပြုလုပ်ပြီး ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ နိုင်ငံ၏ ငွေကြေးခဝါချမှု ကျူးလွန်ပုံနည်းလမ်းများ (Typologies) မှာ အိမ်ခြံမြေ၊ မော်တော်ယာဉ်နှင့် အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်းသည် အများဆုံးဖြစ်ပြီး ငွေကြေးလဲလှယ်ခြင်း၊ ငွေသားပြောင်းလဲခြင်း၊ တရားဝင်နှင့်တရားမဝင်ငွေကြေးများကို ရောနှောရှာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်း၊ အမည်ခံ၊ ဘဏ္ဍာထိန်းများ၊ မိသားစုဝင်များ သို့မဟုတ် တတိယအဖွဲ့အစည်းများ အသုံးပြုခြင်း၊ သဏ္ဌာန်ဆောင် ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများ အသုံးပြုခြင်း၊ ငွေဆက်သား၊ ငွေကြေးမှောင်ခိုခြင်း၊ အင်တာနက်လောင်းကစားပြုလုပ်ခြင်း၊ ကုန်သွယ်မှုအခြေပြု ငွေကြေးခဝါချခြင်းနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့ခြင်း၊ နိုင်ငံရပ်ခြား စီးပွားရေးလုပ်ငန်းများ ပြုလုပ်ခြင်းစသည့် နည်းလမ်းများကိုအသုံးပြု၍ ကျူးလွန်ခြင်းများတွေ့ရှိရပါကြောင်း။

ထို့ကြောင့် ငွေကြေးခဝါချမှုကို တားဆီးကာကွယ်ရန်အတွက် သတင်းပို့အဖွဲ့အစည်းများအပေါ် ကြီးကြပ်ဆောင်ရွက်ခြင်းကို စနစ်တကျဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ FATF က သတ်မှတ်ထားသည့် Action Plan ပါအချက်များသည် သီးခြားအကြောင်းအရာများ မဟုတ်ဘဲ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၉-၂၀၂၃)တွင် ပါရှိသော အချက်များသာဖြစ်ကြောင်း၊ မဟာဗျူဟာတွင် ပါဝင်သည့် အချက်များကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် FATF ၏ အကြံပြုချက်များကိုလည်း ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ မဟာဗျူဟာကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသည့်ဌာနဆိုင်ရာအဖွဲ့အစည်းများ အားလုံးက အပြည့်အဝပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့တာဝန်ယူထားသည့်သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား မဖြစ်မနေချွေတာသုံးစွဲရန်အတွက် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည်

နေပြည်တော် ဇန်နဝါရီ ၁၄

စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာနအနေဖြင့် စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲရေးကဏ္ဍ၌ တာဝန်ခံ ဝန်ကြီးဌာနအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည့် စီမံကိန်းပုံစံနှင့် နည်းလမ်းများကို ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အမျိုးသား စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲရေး မူဝါဒ၊ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်များကို ၂၀၁၆ ခုနှစ်တွင် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ မူဝါဒ၊ ရည်မှန်းချက်များ အနေနှင့် ၂၀၁၂ ခုနှစ် စွမ်းအင်သုံးစွဲမှုကို အခြေခံပြီး ၂၀၃၀ ပြည့်နှစ်တွင် စုစုပေါင်းစွမ်းအင်သုံးစွဲမှု၏ ၂၀ ရာခိုင်နှုန်းကို လျှော့ချရန် ရည်မှန်းထားပါကြောင်း၊ ရည်မှန်းချက်များ ပြည့်မီရေးအတွက် စက်ရုံမှကဏ္ဍတွင် စက်ရုံအလုပ်ရုံများ၊ အဆောက်အဦကဏ္ဍတွင် စီးပွားရေးအဆောက်အဦများနှင့် နိုင်ငံပိုင် အဆောက်အဦများ၊ စွမ်းအင်အသုံးပြုသည့် စက်ပစ္စည်းကိရိယာများ၏ စွမ်းအင် စွမ်းဆောင်ရည် သတ်မှတ်ရေးကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍတို့၌ အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲရေး လုပ်ငန်းများသည် စွမ်းအင်သုံးစွဲမှု အလေအလွင့်များကို လျှော့ချနိုင်စေခြင်းဖြင့် စွမ်းအင် ကုန်ကျစရိတ်ကို သက်သာ လျှော့ကျနိုင်စေပြီး အကျိုးဆက်အနေနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကိုလည်း လျော့ကျစေသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားကို မဖြစ်မနေချွေတာသုံးစွဲရန်အတွက် အရေးကြီးသည့် အခြေအနေဖြစ်လာ၍ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေး လုပ်ငန်းများကို ထိရောက်မှုရှိအောင် အရှိန်အဟုန်မြှင့် ဆောင်ရွက် ရမည်ဖြစ်သည့်အတွက် စက်မှုဝန်ကြီးဌာန၏ ဆောင်ရွက် ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာနမှလည်း စက်မှုဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပေးရန်နှင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ စက်မှုဝန်ကြီးဌာနတွင်လည်း ဆိုလာ၊ LED မီးလုံး၊ မီးချောင်းများ၊ ဆိုလာ Panel များ ထုတ်လုပ်လျက်ရှိသဖြင့် လိုအပ်သောပံ့ပိုးမှုများနှင့် အကြံဉာဏ်များ ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲရေးနည်းလမ်းများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခွင့်ပြုချက်ရယူခဲ့ပြီး အခြားသောဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့လည်း ဖြန့်ဝေခဲ့ပြီး မိမိတို့ ဌာနမှလည်း စံနမူနာပြ ကျင့်သုံးလိုက်နာ ဆောင်ရွက်လျက်ရှိသလို ဓာတ်အားသုံးစွဲသူများ ပိုမိုကျယ်ပြန့် ထိရောက်စွာ သိရှိနိုင်ရေးအတွက်လည်း မီဒီယာများမှတစ်ဆင့် အသိပညာပေး ဖြန့်ဝေလျက်ရှိကြောင်း၊ စွမ်းအင်ကဏ္ဍနှင့် သယံဇာတပို့ဆောင်ရေး ကဏ္ဍတို့တွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာ အသုံးပြုနိုင်ရေးကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြ ဆွေးနွေးသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်း ဆောင်ရွက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် စွမ်းအင်ခြိုးခြံချွေတာရေးဌာန၊ ညွှန်ကြားရေးမှူးတို့က စွမ်းအင်အကျိုးရှိ ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲနိုင်ရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

လက်ရှိ ဘာသာရပ်များအပြင် စီးပွားရေးဆိုင်ရာဘာသာရပ်တစ်ခုကို ထပ်မံဖြည့်ဆည်းဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဇန်နဝါရီ ၁၄

ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ မြို့နယ်ပညာရေးမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ဘုတ်ပြင်းမြို့နယ်ရှိ အခြေခံပညာကျောင်းများ၊ ဆရာ ဆရာမများ၏ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ ပိုမိုကောင်းမွန်ရေးနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးသည်။

ထို့အတူပြည်ထောင်စုဝန်ကြီးသည် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ထားဝယ်မြို့ရှိ ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင် သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ပညာရပ်ဝန်းကျင်ကောင်းများ ဖန်တီးပေးကြစေလိုပါကြောင်း၊ ဘာသာရပ်အလိုက် သက်ဆိုင်ရာ စာအုပ်၊ စာတမ်းများ ဝယ်ယူဖြည့်ဆည်းနိုင်ရေးအတွက် ရန်ပုံငွေများ ချထားပေးလျက်ရှိပါကြောင်း၊ သိပ္ပံဘာသာရပ်များအတွက် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်နိုင်ရေး၊ လိုအပ်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စာရင်းပြုစုတင်ပြပေးကြရန်နှင့် ဝိဇ္ဇာဘာသာရပ်များအတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများကို စာရင်းပြုစုတင်ပြပေးကြစေလိုပါကြောင်း၊ တက္ကသိုလ်သုတေသန ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ပေးကြစေလိုပါကြောင်း၊ အမှန်တကယ် တတ်မြောက်သော ပညာတတ်များကို လေ့ကျင့်မွေးထုတ်ပေးကြစေလိုပါကြောင်း၊ လက်ရှိဘာသာရပ်များအပြင် စီးပွားရေးဆိုင်ရာဘာသာရပ် တစ်ခုကို ထပ်မံဖြည့်ဆည်း ဖွင့်လှစ်ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း၊ ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက် လာသူများက တက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ပြန်လည်ညှိနှိုင်းဆွေးနွေး၍ လိုအပ်သည် လိုအပ်သည့် စာသင်ဆောင်၊ အိပ်ဆောင်၊ ကွန်ပျူတာ၊ အင်တာနက် Wifi နှင့် CCTV များ တပ်ဆင်ဖြည့်ဆည်းနိုင်ရေးနှင့် ဆရာ ဆရာမ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တနင်္သာရီတိုင်းဒေသကြီး ပညာရေးမှူးရုံးသို့ သွားရောက်၍ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို အမှန်တကယ် စာတတ်မြောက်အောင် သင်ကြား၍ ပညာတတ်လူငယ်များကို မွေးထုတ်ပေးကြစေလိုပါကြောင်း မှာကြားကာ ကျောင်းနှင့် ဝန်းကျင်သန့်ရှင်း သာယာရေး ဆောင်ရွက်ကြရန်နှင့် ရေသန့်စက်၊ ဆိုလာစနစ်သုံး ရေတင်စက်နှင့် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ပမှ ဝင်ရောက်လာသူများမှတစ်ဆင့် နိုင်ငံအတွင်း ရောဂါပိုးမရောက်ရှိစေရေးဓာတ်ခွဲစစ်ဆေးပြီးမှသာ နေအိမ်သို့ ပြန်ခွင့်ပြုလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အစည်းအဝေးခန်း၊(၂)၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်ပမှ လေကြောင်း၊ ရေကြောင်းဖြင့် ပြန်လည်ဝင်ရောက်လာသူများကို အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသော ဟိုတယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပြည်ပမှ ဝင်ရောက်လာသူများမှတစ်ဆင့် နိုင်ငံအတွင်းသို့ ရောဂါပိုးမရောက်ရှိစေရေး၊ တစ်နည်းအားဖြင့် အခြားနိုင်ငံများမှ ရောဂါပိုးဝင်ရောက်မှုကို အချိန်အတိုင်းအတာ တစ်ခုအထိ ကာကွယ်နိုင်ရေးအတွက် ပြည်ပမှဝင်ရောက်လာသူများအား သတ်မှတ်ထားသော ဟိုတယ်များနှင့် ကွာရန်တင်းစင်တာများ၌ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုပြီး သတ်မှတ်ထားသော အကြိမ်ရေနှင့်အညီ ဓာတ်ခွဲစစ်ဆေးပြီးမှသာ ၎င်းတို့နေအိမ်များသို့ ပြန်ခွင့်ပြုလျက်ရှိကြောင်း၊ ထို့အတူ နယ်စပ်ဒေသများမှ ကုန်းလမ်းဖြင့် ပြန်လည်ဝင်ရောက်လာသူများကိုလည်း နယ်စပ်ဝင်/ထွက်ပေါက်နေရာများတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး သတ်မှတ်ချက်အတိုင်း ဓာတ်ခွဲစစ်ဆေးပြီးမှ သက်ဆိုင်ရာဒေသများသို့ သွားရောက်ခွင့်ပြုခဲ့ကြောင်း၊ ယခုအခါတွင် ကိုဗစ်-၁၉ ရောဂါ၏ အခြားမျိုးကွဲဗီဇအသစ်များပါ တွေ့ရှိရပြီး ရောဂါပြန့်ပွားမှုမြန်သော အိုမီခရွန်မျိုးစိတ်ကို ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများတွင် တွေ့ရှိရလျက်ရှိသော်လည်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တွင် အစုလိုက် တွေ့ရှိရသူများ၏ ဓာတ်ခွဲစစ်ဆေးရသည့်အဖြေများတွင် အိုမီခရွန်မျိုးကွဲ တွေ့ရှိခြင်းမရှိသည့်အတွက် ပြည်တွင်း ကူးစက်မှုမရှိသေးပါကြောင်း၊ သို့ဖြစ်၍ ပြည်ပမှဝင်ရောက်လာသူများအား အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသော ဟိုတယ်များအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က အသွားအလာ စောင့်ကြပ်ကြည့်ရှုလျက်ရှိသည့် ဟိုတယ်များအနေဖြင့် မိမိတို့ဟိုတယ်များ၌ တည်းခိုလျက်ရှိသော ပြည်ပမှဝင်ရောက်လာသူများနှင့် ဟိုတယ်ဝန်ထမ်းများကို ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိအောင် ကြပ်မတ်ရန်၊ ပုံမှန် စစ်ဆေးခြင်း၊ ရောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်၍ ပညာပေးခြင်း၊ သတိပေးခြင်း၊ လိုအပ်ပါက အရေးယူခြင်းများ ဆောင်ရွက်ရန်၊ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်၊ အုပ်ချုပ်မှုလုပ်ငန်းများ အခက်အခဲရှိပါက သက်ဆိုင်ရာ ခရိုင်/မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ပြောကြားကြပြီး ဟိုတယ်လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များကို တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်း(၃)၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ ကျင့်သုံးလျက်ရှိသော ကွာရန်တင်းလုပ်ငန်းစဉ်များ၊ ကိုဗစ်-၁၉ ရောဂါနှင့် အိုမီခရွန်ရောဂါပိုး စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းစဉ်များ၊ အသွားအလာစောင့်ကြပ်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသော နေရာများ၊ ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများအား ကုသရေးလုပ်ငန်းများ၊ အိုမီခရွန်ရောဂါပိုး စစ်ဆေးတွေ့ရှိမှုနှင့် ကုသမှုပေးနေသည့် အခြေအနေများ၊ လူနာများပြားလာပါက ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အရှိန်အဟုန်မြှင့်တင် ဆက်လက်ထိုးနှံ့ရမည့်အစီအစဉ်များကို ဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ပါမောက္ခချုပ်/ဆေးရုံအုပ်ကြီး ဒေါက်တာသီတာလှ၊ ပါမောက္ခချုပ် ဒေါက်တာဌေးဌေးတင်နှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးတို့က ရန်ကုန်တိုင်းဒေသကြီးအတွင်း ရောဂါဖြစ်ပွားမှုအခြေအနေ၊ ဆေးရုံများ၊ ကုသရေးစင်တာများတွင် လူနာများတက်ရောက်ကုသမှုအခြေအနေ၊ စတုတ္ထလှိုင်းအတွက် ကြိုတင်ပြင်ဆင်ထားနိုင်မှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံ့လွှမ်းခြုံမှုနှင့် တွေ့ကြုံခဲ့ရသည့် အခက်အခဲများကို တင်ပြဆွေးနွေးကြပြီး လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ်ညှိနှိုင်းကြရာ ပြည်ထောင်စုဝန်ကြီးက ယခင် ကိုဗစ်-၁၉ ရောဂါလှိုင်းများ ဖြစ်ပွားစဉ် ကြုံတွေ့ခဲ့ရသော အခက်အခဲများအပေါ် သင်ခန်းစာယူ၍ ကြိုတင်ပြင်ဆင်မှုများကို အထူးအလေးထား ဆောင်ရွက်သွားကြရန်နှင့် ပြည်သူလူထုကို အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေး သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အားကစားကွင်း/အားကစားရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧန်နဝါရီ ၁၄

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိ အားကစားကွင်း/ အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒကွိ်ဏာခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောလုံးအားကစားကွင်း၊ နှစ်ထပ်တိုင်းရုံး တည်ဆောက်ပြီးစီးမှုနှင့် ရုံးခန်းနေရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဘောလုံးကွင်းပွဲကြည့်စင် တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒကွိ်ဏာခရိုင် လယ်ဝေးမြို့နယ် ဘောလုံး အားကစားကွင်းရှိ ပွဲကြည့်စင် အဆောက်အဦပတ်လည်တွင် ကွန်ကရစ်လမ်းခင်းကျင်းနိုင်ရေးနှင့် လေ့ကျင့်ရေး အားကစားရုံ-၂ (Training Center-2)ကို ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း/ အားကစားရုံများ ယိုယွင်းပျက်စီးနေမှုများကို ပြန်လည်ပြုပြင်ဆောင်ရွက်၍ ရေရှည်တည်တံ့အောင် စနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် အားကစားနည်းအလိုက် ဆိုင်းဘုတ်ဖွဲ့နိုင်းများ ပြန်လည်တပ်ဆင်ထားရှိရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ဘောဂဝတီအားကစားကွင်း ကွန်ကရစ်လမ်းခင်းကျင်းဆောင်ရွက်ပြီးစီးမှု၊ ရေစင်တည်ဆောက်ထားရှိမှု၊ ဘောလုံးကွင်း ရေဖျန်းစနစ်တပ်ဆင်ထားရှိမှု၊ အားကစားမျူးနေအိမ်နှင့် ရုံးခန်းတည်ဆောက်ပြီးစီးမှု၊ ဘောလုံးကွင်း ပွဲကြည့်စင်တည်ဆောက်မည့် မြေနေရာလျာထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းလောင်းပြည်သူ့အားကစားကွင်း ဘောလုံးကွင်း ပွဲကြည့်စင်ပြန်လည်ပြုပြင်ထားရှိမှု၊ ဂါလန် ၃၂၀၀ ဆံ့ ရေစင်တည်ဆောက်ထားရှိမှု၊ ဘောလုံးကွင်းအတွင်း ရေဖျန်းစနစ်တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မိုးလုံလေလုံ အားကစားရုံအတွင်း ခိုဂှက်များမဝင်နိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ ရုံအတွင်းရှိ စတိတ်စင် ကြမ်းခင်းပျက်စီးနေမှုကို ပြုပြင်ဆောင်ရွက်သွားရန်နှင့် အားကစားကွင်း/ရုံများ ရေရှည်တည်တံ့စေရေးအတွက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းလောင်းအားကစားကွင်းအတွင်းရှိအလေးမနှင့် ကာယကြံ့ခိုင်မှုအားကစားခန်းမ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ့ရေးအစီအစဉ်နှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံ့ရေး အစီအစဉ်တွင် စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဧန်နဝါရီ ၁၄

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ့ရေးအစီအစဉ်နှင့် ထပ်ဆောင်းကာကွယ်ဆေး (Booster dose) ထိုးနှံ့ရေး အစီအစဉ်တွင် စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရေး ညှိနှိုင်းအစည်းအဝေးကို Virtual ဖြင့် ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ကိုဗစ်- ၁၉ ရောဂါကာကွယ်ထိန်းချုပ် ကုသရေးအစီအစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်း၊ ပရဟိတအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ပြည်ထောင်စု ဝန်ကြီးက ကိုဗစ်-၁၉ ရောဂါပိုးကို ၂၀၂၀ ပြည့်နှစ် မတ်လတွင် မြန်မာနိုင်ငံ၌ စတင်တွေ့ရှိချိန်မှစ၍ ယနေ့အထိ ၂၄ လကြာပြီဖြစ်ကြောင်း၊ ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းကာလအတွင်း စေတနာ့ဝန်ထမ်းများက အသက်ကို ပမာနမထားဘဲ ဝိုင်းဝန်းကူညီဆောင်ရွက် ပေးခဲ့ပါကြောင်း၊ တတိယလှိုင်း ဖြစ်ပွားခဲ့သည့် ၂၀၂၁ ခုနှစ် ဇူလိုင်လပိုင်းအတွင်း ရောဂါဖြစ်ပွားမှုအမြင့်ဆုံးဖြစ်ခဲ့သော်လည်း စက်တင်ဘာလပိုင်းမှာ ထိန်းချုပ်နိုင်ခဲ့သည်မှာ ပြည်သူများနှင့် စေတနာ့ဝန်ထမ်းများ၏ ညီညွတ်စွာပူးပေါင်းမှုကြောင့်ရရှိသည့် ရလဒ်ဖြစ်ပါကြောင်း၊ ယခုအခါ နောက်ထပ်မျိုးကွဲသစ် အိုမီခရွန်ကို နိုင်ငံပေါင်း ၁၅၀ ကျော်တွင်တွေ့ရှိရပြီး မြန်မာနိုင်ငံတွင်လည်း ကူးစက်ခံရသူ ၆၀ ကျော်ရှိလာပြီဖြစ်ပါကြောင်း။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ ကာကွယ်ဆေး ၅၇ ရာခိုင်နှုန်း ကျော်ထိုးပြီးဖြစ်ရာ ဆေးထိုးပြီး ၆ လကျော်လာပါက ကိုဗစ်ရောဂါပိုးကိုခုခံနိုင်သည့်အား ကျဆင်းလာနိုင်သည့်အတွက် ထပ်ဆောင်းကာကွယ်ဆေး Booster ထိုးရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်က ထပ်ဆောင်းကာကွယ်ဆေးထိုးနှံ့ပေးရန်စီစဉ်ဆောင်ရွက်နေပါကြောင်း၊ Booster ထိုးနှံ့ခြင်းကို ဦးစားပေးအုပ်စုအလိုက် သတ်မှတ်ထိုးနှံ့ပေးနေပါကြောင်း၊ စတုတ္ထလှိုင်းအတွက် ကြိုတင်ပြင်ဆင်မှုများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ စေတနာ့ဝန်ထမ်းများကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပြီး အသိအမှတ်ပြုဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်နိုင်ရေး စီစဉ်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်အနေဖြင့် ဆောင်ရွက်သွားမည့် Booster dose ထိုးနှံ့မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပရဟိတအဖွဲ့များအလိုက်ဆွေးနွေးတင်ပြကြရာ စေတနာ့ဝန်ထမ်း စိစစ်ရေးကတ် မရရှိကြသေး သူများအတွက် ထပ်မံ ဆောင်ရွက်ပေးနိုင်ရေး၊ ကျန်းမာရေးသုံး ပစ္စည်းလိုအပ်မှု၊ အစားအသောက်နှင့် စက်သုံးဆီ လိုအပ်မှုများ၊ အသင်းပိုင်လူနာတင်ယာဉ်များ သွားလာရေး၊ သယ်ယူရေးဆိုင်ရာ ကိစ္စများ၊ ကြုံတွေ့နေရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

နေပြည်တော်ကောင်စီဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး(၁/ ၂၀၂၂) ကျင်းပ

နေပြည်တော် ဧန်နဝါရီ ၁၄

နေပြည်တော်ကောင်စီ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၂) ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် နေပြည်တော် ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က ယခင် ခရီးစဉ်နေရာများအပြင် ခရီးစဉ် နေရာအသစ်များ ဖော်ထုတ်ခြင်း၊ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကိုအခြေခံသော ခရီးသွားလုပ်ငန်းများ၊ အားကစားကိုအခြေခံသော ခရီးသွား လုပ်ငန်းများဖြင့် ခရီးစဉ်ဒေသများ ပေါ်ထွန်းလာအောင် ဆောင်ရွက်ခြင်း၊ နေပြည်တော်အတွင်းရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများ ပြုပြင်မွမ်းမံခြင်းနှင့် ခရီးစဉ်နေရာများ သန့်ရှင်းသာယာ လှပစေရေး၊ စိမ်းလန်းစိုပြည်စေရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး တို့ကို ဝိုင်းဝန်းအကြံပြုကြစေလိုကြောင်း၊ ထို့အတူ နေပြည်တော် ဖွံ့ဖြိုးတိုးတက်စေရေးကို အဘက်ဘက်မှ စီမံဆောင်ရွက်နေသကဲ့သို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်ရမည်ဖြစ်ရာ ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ခရီးသွားလုပ်ငန်း အသိပညာများ၊ ဗဟုသုတများ၊ အတွေ့အကြုံများဖြင့် အကြံပြုဆွေးနွေးကြ စေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူး နေပြည်တော်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှူ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းဇော်တို့က နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီဝင်များ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များ၊ ခရီးသွား လုပ်ငန်းအဖွဲ့အစည်း ကိုယ်စားလှယ်များက နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများ အလိုက် ရှင်းလင်းတင်ပြဆွေးနွေးကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ထားဝယ်မြို့ရှောင်လမ်းအပိုင်း ပြီးစီးပါက ယာဉ်ကြောကျပ်တည်းမှုများကို လျှော့ချနိုင်မည်

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ဇန်နဝါရီ ၁၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှောင်လမ်းအပိုင်း (၂)၊ ၄ ဒသမ ၃ ကီလိုမီတာမှ ၆ ကီလိုမီတာအထိ ဖောက်လုပ်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ပေါက်တိုင်းတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပေါက်တိုင်း တံတားသည် အရှည် ၁၄၈ ပေ၊ သံပေါင်ခုံးတံတား အမျိုးအစားဖြစ်ပြီး တံတားလုပ်ငန်းများပြီးစီး၍ အချောသပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထားဝယ်မြို့ရှောင်လမ်းအပိုင်း (၂) ပြီးစီးပါက မော်တော်ယာဉ်များ မြို့အတွင်းမှ ဖြတ်သန်းသွားလာရန်မလိုဘဲ ယာဉ်ကြောကျပ်တည်းမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ ဆောင်၌ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ တွေ့ဆုံ၍ **(အောက်ပုံ)** တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေးအတွက်

လမ်းနှင့်တံတားများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း။

ကျေးလက်လမ်း၊ တံတားများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရန် အလေးထားဆောင်ရွက်ရန် လိုကြောင်း၊ ဘဏ္ဍာငွေသုံးစွဲရာတွင်လည်း သတ်မှတ်ထားသည့် ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ယနေ့တွင် ပြည်ထောင်စုဝန်ကြီးသည် ဘုတ်ပြင်း-အုန်းတောကမ်းတံတားသို့ ရောက်ရှိပြီး လုပ်ငန်းပြီးစီးမှု၊ တံတားအချောသပ်လုပ်ငန်းများနှင့် ချဉ်းကပ်လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဘုတ်ပြင်း-အုန်းတောကမ်းတံတားသည် အရှည်ပေ ၁၂၀၀ ရှိ သံကူကွန်ကရစ်တံတား ဖြစ်ပြီး အုတ်မြစ်ထည်ကို Bored Pile Foundation ဖြင့်လည်းကောင်း၊ တံတားကိုယ်ထည်နှင့် အပေါ်ထည်ကို သံကူကွန်ကရစ်၊ သံကူကွန်ကရစ်ရက်မ၊ သံမဏိရက်မ သံကူကွန်ကရစ် ကြမ်းခင်းတို့ဖြင့်လည်းကောင်း တည်ဆောက်ထားပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ နှစ်လမ်းသွားချဉ်းကပ်လမ်းကို ဆက်လက်တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဇန်နဝါရီ ၁၄

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၉၇၈ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၈၄ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၈၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၁၃၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၄၆၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၈ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၂၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၉၃၈၅ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၄၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၈၉၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၅၀နှင့် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

(၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ် တံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်တို့ကြီးမှူးမှူး၍ (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ) တွင် ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အသင်းလိုက် (အကျောမ့ဲ၊ အကျောပေး) ပြိုင်ပွဲနှင့် တစ်ဦးချင်း (အကျောမ့ဲ၊ အကျောပေး)အဆင့် ပြိုင်ပွဲများပါဝင်ပြီး စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများ အတိုင်း ကျင်းပမည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် အသက်ကန့်သတ်ချက်မရှိဘဲ ဝါသနာရှင် အဆင့် ကစားသမားများဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ဖူးသည့် လက်ရွေးစင်ကစားသမားများ ယှဉ်ပြိုင်ခွင့်မရှိကြောင်း သိရသည်။ ပြိုင်ပွဲဝင်လိုသူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အား/ကာ၏ အတည်ပြုချက်နှင့်အတူ ဖေဖော်ဝါရီ ၃ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အနေဖြင့် (က)၊ (ခ) နှစ်သင်း ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ အသင်းခေါင်းဆောင်များနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ အစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက် (တနလင်္ဂနေ့) နံနက် ၁၀ နာရီတွင် မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)အစည်းအဝေးခန်းမတွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း (ဦးထွန်းကျော် ၀၉-၅၁၉၃၄၃၊ ဦးဝင်းဇော် ၀၉-၂၅၄၂၅၀၇၀၊ ဒေါ်မေသူစိုး ၀၉-၇၇၉၈၄၄၇၆၁)တို့ထံ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **ကိုညီလေး**

✪ *ကျောဖုံးမှ*

“ကနူးကယက်ကတော့ ရွှေ ရဖို့ တော်တော်လေး ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်မှုလည်းကောင်းမယ်၊ လေ့ကျင့်နေတဲ့စံချိန် အကောင်းဆုံးစံချိန်ကို ပြိုင်ပွဲမှာ လော်ခတ်နိုင်မယ်ဆိုရင်တော့ ရွှေကို မှန်းနိုင်တဲ့အနေအထားမျိုးရှိတယ်။ ဒါကလည်း ပြီးခဲ့တဲ့ ဖိလစ်ပိုင် ဆီးဂိမ်းရလဒ်ရယ်၊ လက်ရှိ ရှိနေတဲ့ကစားသမားတွေရဲ့ စံချိန်တွေကို လေ့လာသုံးသပ်ပြီးတော့ အကြမ်းဖျင်းသုံးသပ်တွေ့ရှိချက်ကို ပြောကြား တာဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံလေ့လော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ပြောသည်။

ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့၌ မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကနူးကယက်နှင့် အပြည်ပြည်ဆိုင်ရာ လေ့ပြိုင်ပွဲနှစ်မျိုးဖြင့် မြန်မာလေ့လော်အဖွဲ့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံလေ့လော်အဖွဲ့ချုပ်အနေဖြင့် ကနူးကယက်ပြိုင်ပွဲ၌ အားကစားသမား ၁၇ ဦး၊ နည်းပြသုံးဦးဖြင့် တရုတ်နိုင်ငံ၌ စခန်းသွင်းလေ့ကျင့်ပြင်ဆင်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ လေ့ပြိုင်ပွဲ၌ ကစားသမား ၁၂ ဦးဖြင့် မြန်မာနိုင်ငံ လေ့လော်အဖွဲ့ချုပ်တွင် စခန်းသွင်း လေ့ကျင့်လျက်ရှိသည်။

အဆိုပါ ဆီးဂိမ်းပြိုင်ပွဲ၌ ကနူးကယက် အားကစားနည်းပြိုင်ပွဲကို မေ ၁၇ ရက်မှ ၂၁ ရက်အထိလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လေ့အားကစားနည်းပြိုင်ပွဲကို မေ ၉ ရက်မှ ၁၄ ရက်အထိလည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **အာကာလင်း**

ဘန်လေတိုက်စစ်မှူး ခရစ္စတိုဒ်ကို နယူးကာဆယ်အသင်း ခေါ်ယူ

ပရီမီယာလီဂ်ကလပ် နယူးကာဆယ်အသင်းသည် ဘန်လေအသင်းမှ နယူးဇီလန်တိုက်စစ်မှူး ခရစ္စတိုဒ်ကို ပေါင် ၂၅ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။ အသက် ၃၀ အရွယ် အဆိုပါကစားသမားသည် နယူးကာဆယ်အသင်းနှင့် ၂၀၂၃-၂၀၂၄ ခုနှစ်အထိ စာချုပ်ချုပ်ဆိုရန် သဘောတူခဲ့သည်။

နည်းပြ ဟိုဝီသည် အသင်းမှအားထားရသည့် ကစားသမား ဝီလ်ဆင်ဒဏ်ရာကြောင့် ရက်သတ္တ ရှစ်ပတ်အထိ အနားယူရဖွယ်ရှိသောကြောင့် တိုက်စစ်ပိုင်းကို အားဖြည့်လုပ်ဆောင်နေခြင်းဖြစ်ပြီး ဝုဒ်ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဝုဒ်သည် အက်သလက်တီကို မက်ဒရစ်အသင်းမှ ထရစ်ဗီယာ အပြောင်းအရွှေ့ပြီးနောက် နယူးကာဆယ်သို့ ဒုတိယမြောက် ရောက်ရှိလာသည့် ကစားသမားဖြစ်လာသည်။

ဘန်လေအသင်းသည် ဝုဒ်ကို ပရီမီယာလီဂ် တန်းဆင်းဇုန်ပြိုင်ဘက် နယူးကာဆယ်အသင်းထံ ရောင်းချလိုခြင်းမရှိသော်လည်း နယူးကာဆယ်အသင်းက အဆိုပါ ကစားသမား၏ စာချုပ်လျှော်ကြေးကို ပေးချေကာ ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ နယူးကာဆယ်အသင်းသည် အပြောင်းအရွှေ့ကို ဆက်လက်လုပ်ဆောင်ဖွယ်ရှိပြီး ရိမ်းစ်တိုက်စစ်ကစားသမား ဟူဂို အီကီတိုက်၊ လိုက်ပ်ဇစ်ကွင်းလယ်ကစားသမား ဟိုင်ဒါရာ၊ ဆီဗီလာ ခံစစ်ကစားသမား ဒီယေဂို ကားလော့စ်တို့ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။ နယူးကာဆယ်အသင်းသည် လက်ရှိတွင် ပရီမီယာလီဂ် ၁၉ ပွဲ ကစားပြီး ရမှတ် ၁၁ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ရပ်တည်နေသည်။

အောင်ဇော်

ပြင်သစ်၊ ဂျာမနီနှင့် အီတလီနိုင်ငံတို့တွင် ကိုဗစ် -၁၉ ကြောင့် သီးခြားထား ကန့်သတ်ထားသည့် အချိန်ကိုလျှော့ချ

ပါရီ ဧပြီလ ၁၄

ပြင်သစ်၊ ဂျာမနီနှင့် အီတလီနိုင်ငံတို့တွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ နှင့် ကိုဗစ် -၁၉ကူးစက်ထားသူနှင့်ထိတွေ့မှုရှိသူများအား သီးခြားထားကန့်သတ်ထားသည့်ကာလကို လျှော့ချခဲ့ကြောင်း သိရသည်။

အလုပ်ဆက်လုပ်ရန် ခွင့်ပြုထား

အကယ်၍ ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသူတွင် ကိုဗစ် -၁၉ ကူးစက်ခံရပါက ၎င်းကို ခုနစ်ရက်ကြာ သီးခြားခွဲထား အသွားအလာကန့်သတ်မည်ဟု ပြင်သစ်အာဏာပိုင်များက ပြောသည်။

အသစ်ထုတ်ပြန်လိုက်သည့် စည်းကမ်းချက်ကြောင့် ကျန်းမာရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသူများ ရောဂါကူးစက်ခံရပြီးနောက် ရောဂါလက္ခဏာမပြင်းထန်ပါက အလုပ်ဆက်လုပ်ရန် ခွင့်ပြုပေးထားသည်။

ကိုဗစ် -၁၉ ကူးစက်ခံထားရသူနှင့် ထိတွေ့မိသော်လည်း ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးပါက အသွားအလာ ကန့်သတ်မှုခံယူရန် မလိုအပ်ပေ။ သို့သော်လည်း ဆေးစစ်မှုကိုမူ ပြုလုပ်ရမည်ဖြစ်သည်။ ဂျာမနီနိုင်ငံတွင်လည်း ကိုဗစ် - ၁၉ ကူးစက်ခံရပြီးနောက်တစ်ပတ်အကြာတွင် ရောဂါပျောက်ကင်းပါက အသွားအလာကန့်သတ်မှု ခံယူရန် မလိုအပ်တော့ဟု သိရသည်။

ရောဂါရှိသူနှင့်ထိတွေ့မိသူများတွင် တတိယအကြိမ်ကာကွယ်ဆေးထိုးထားပါက ခြွင်းချက်အနေဖြင့် အသွားအလာကန့်သတ်မှုခံယူရန် မလိုအပ်ဟု သိရသည်။

လျှော့ချခဲ့

အီတလီနိုင်ငံတွင်လည်း သီးခြားထားကန့်သတ်ထားသည့်အချိန်ကာလကို လျှော့ချခဲ့သည်။ အီတလီနိုင်ငံတွင် တတိယအကြိမ်ကာကွယ်ဆေးထိုးပြီးပါက ရောဂါကူးစက်ခံရလျှင်လည်း ခုနစ်ရက်သာ အသွားအလာ ကန့်သတ်ထားမည်ဟု သိရသည်။

အင်နန်အိတ်ချ်ကေ

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အစိမ်းရောင်ဇုန်ကို ဒုံးကျည်ထိမှန်

ဘဂ္ဂဒက် ဧပြီလ ၁၄

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ အလယ်ပိုင်း အမေရိကန်သံရုံးတည်ရှိရာ အစိမ်းရောင်ဇုန်ကို ဧပြီလ ၁၃ ရက်က ဒုံးကျည်များ ကျရောက်ခဲ့ရာ အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု အီရတ်တပ်ဖွဲ့က ပြောသည်။

ဘဂ္ဂဒက်မြို့တောင်ပိုင်း ဒိုရာဒေသမှ ပစ်လွှတ်လိုက်သည့် ဒုံးကျည်များကြောင့် အစိမ်းရောင်ဇုန်တွင် ရှိနေသည့်အပြစ်မဲ့သူများ ဒဏ်ရာရရှိခဲ့သည်ဟု အီရတ်ပူးတွဲစစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်မီဒီယာရုံးက သတင်းထုတ်ပြန်သည်။

အဆိုပါ အစိမ်းရောင်ဇုန်မှာ အီရတ်တပ်ဖွဲ့ဝင်များစောင့်ရှောက်မှုပေးထားရာနေရာလည်း ဖြစ်သည်။ အစိမ်းရောင်ဇုန်ရှိ စာသင်ကျောင်းတစ်ခုအတွင်းသို့ ဒုံးကျည်တစ်စင်း ကျရောက်ခဲ့ပြီး အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်သံရုံးပေါ်သို့ ပစ်လွှတ်လိုက်သည့် ဒုံးကျည်နှစ်စင်းကိုလည်း လေကြောင်းကာကွယ်ရေးလက်နက်ဖြင့် ကာကွယ်ပေးနိုင်ခဲ့သည်ဟုလည်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

တတိယမြောက်ဒုံးကျည်မှာမူ စာသင်ကျောင်းအတွင်းသို့ ကျရောက်ခဲ့ကာ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

ဆင်ဟွာ

အာဖရိကတွင် ကိုဗစ် - ၁၉ စတုတ္ထလှိုင်း ကူးစက်မှု လျော့ကျလာသည်ဟုဆို

ကျိနီဗာ ဧပြီလ ၁၄

အာဖရိကတွင် အိုမီခရွန်ကူးစက်မှုများကြောင့် ကိုဗစ် - ၁၉ ကူးစက်မှုများ လျော့ကျလာသည်ဟု ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

အာဖရိက အနောက်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ကူးစက်မှုများပြားလာသည်မှာ မျက်မြင်သက်သေပင်ဖြစ်ပြီး တောင်ပိုင်းနှင့်အရှေ့ပိုင်းတို့တွင်မူ ကူးစက်မှုလျော့ကျလာသည်ဟု ဧပြီလ ၁၃ ရက်တွင် ကုလသမဂ္ဂကျန်းမာရေးအေဂျင်စီက ပြောသည်။

ထိုအထဲတွင် အိုမီခရွန်ကူးစက်မှုစတင်ရာ တောင်အာဖရိက နိုင်ငံလည်း အပါအဝင်ပင်ဖြစ်သည်။ အာဖရိက၏ ကပ်ရောဂါ စတုတ္ထလှိုင်းမှာ ကူးစက်မှုလှိုင်းများထဲတွင်အတိုဆုံးကာလဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ယခင် အကျော့များနှင့် နှိုင်းယှဉ်လျှင် အိုမီခရွန်ကြောင့် သေဆုံးမှုနှင့် ဆေးရုံတက်ရမှုမှာ လျော့ကျသည်။ ခရစ္စမတ်ကာလ အားလပ်ရက်တွင် ရောဂါကူးစက်မှုများလာခြင်း ရှိ မရှိ အရာရှိများက အနီးကပ်စောင့်ကြည့်နေသော်လည်း နောက်ထပ်ကူးစက်ခံရမှုများ လျော့ကျလာသည်ကို တွေ့မြင်ရကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးမှ အာဖရိကဆိုင်ရာ ဒေသတွင်း အရာရှိတစ်ဦးက ပြောသည်။

ဥရောပအပါအဝင် အချို့သောနိုင်ငံများမှာ အိုမီခရွန်ကူးစက်မှု စတင်ပေါ်ပေါက်လာစဉ်က အာဖရိကနိုင်ငံများကို ပြည်ဝင်ခွင့် ပိတ်ပင်ခဲ့သည်။ သို့သော်လည်း တစ်ကမ္ဘာလုံးအနှံ့ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့သွားသည့်အခါ ဗြိတိန်နှင့် အမေရိကန်

တောင်အာဖရိကနိုင်ငံ ကျိုဟန်နက်စ်ဘတ်မြို့ ကာကွယ်ဆေးထိုးပေးရာနေရာတစ်ခုကို တွေ့ရစဉ်။

အပါအဝင် အခြားသောနိုင်ငံများ ပေးခဲ့သည်။

သည် ယင်းပိတ်ဆို့မှုကိုဖယ်ရှား

အင်နန်အိတ်ချ်ကေ

ဟန်ဂေရီနိုင်ငံ၌ အိုမီခရွန်ကူးစက်မှုကို ကာကွယ်နိုင်ရန်အတွက် စတုတ္ထအကြိမ် ကာကွယ်ဆေး ထိုးပေးမည်

ဘူဒါပတ်စ် ဧပြီလ ၁၄

ကိုဗစ် - ၁၉ ပဋ္ဌမလှိုင်းကို ထိန်းချုပ်နိုင်ရေးအတွက် ဟန်ဂေရီအစိုးရသည် တိုင်းပြည်အတွင်းရှိ ကိုဗစ် -၁၉ ကာကွယ်ဆေးကို စတုတ္ထအကြိမ်ထိုးနှံပေးမည်ဟု ဧပြီလ ၁၃ ရက်တွင် အာဏာပိုင်များက ပြောသည်။

ဆရာဝန်နှင့်တိုင်ပင်ပြီးနောက် စတုတ္ထအကြိမ်ကာကွယ်ဆေးထိုးလိုသူများထိုးနိုင်သည်ဟု ဝန်ကြီးချုပ် ဗစ်တာအော်ဗန်၏ရုံးမှ ဝန်ထမ်းအကြီးအကဲဖြစ်သူ ဂျဂျလီ ဂူးလီးယက်စ်က ပြောသည်။ အစိုးရသည် မကြာမီအချိန်အတွင်း သင့်လျော် သည့် အမိန့်ချမှတ်နိုင်မည်ဟုလည်း ၎င်းက ဆက်ပြောသည်။ ယခုအခါ အိုမီခရွန် ကူးစက်မှုများပြားလာပြီး ဆေးရုံများတွင် ကုသမှုခံယူနေရသည့်လူနာ အရေအတွက် များပြားမလာစေရန် အစိုးရက မျှော်လင့်ထားသည်။

ဆင်ဟွာ

လွတ်လပ်စွာ ကုန်သွယ်ရေးဆွေးနွေးပွဲကို ဗြိတိန်နှင့် အိန္ဒိယနိုင်ငံတို့ ပြုလုပ်မည်

လန်ဒန် ဧပြီလ ၁၄

လွတ်လပ်စွာ ကုန်သွယ်ရေးနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းပွဲများကို ဧပြီလ ၁၇ ရက်တွင် စတင်မည်ဟု ဗြိတိန်အာဏာပိုင်များက ပြောသည်။

ဆွေးနွေးပွဲတွင် ဗြိတိန်နိုင်ငံမှ ဝီစကီ၊ ကားနှင့်အခြားသော ကုန်ပစ္စည်းများကို နှစ်ဆ တင်ပို့နိုင်ရေး သဘောတူညီမှု ပြုလုပ်နိုင်မည်ဟု သိရသည်။

ဥရောပသမဂ္ဂမှ ဗြိတိန် နုတ်ထွက်ပြီးသည့် နောက်ပိုင်းတွင် ဗြိတိန်နိုင်ငံသည် စီးပွားရေး ချဲ့ထွင်နိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေနေပြီး ဥရောပအပြင်ဘက်နိုင်ငံများနှင့် ခိုင်မာသည့် စီးပွားရေးဆက်ဆံမှုတိုးချဲ့ရန် ကြိုးပမ်းလျက်ရှိသည်။

အိန္ဒိယနှင့် သဘောတူညီမှုမှာ အင်ဒို-ပစိဖိတ်ဒေသတွင် ကုန်သွယ်ရေးကို ပြန်လည် ဦးတည်လာနိုင်ရေးအတွက် အရေးပါသည့် မဟာဗျူဟာဖြစ်သည်ဟုလည်း ဗြိတိန်အာဏာပိုင်များက သုံးသပ်ကြသည်။

ဗြိတိန်နိုင်ငံသည် ဩစတြေးလျှနှင့် နယူးဇီလန်နိုင်ငံတို့နှင့်လည်း ကုန်သွယ်ရေး သဘောတူညီမှုတွင် လက်မှတ်ရေးထိုးထားသည်။

အင်နန်အိတ်ချ်ကေ

နိုင်ငံ့စီးပွားရေးထိန်းညှိရန် အင်ဒိုနီးရှားအစိုးရ ပြည်ဝင်ခွင့်ကန့်သတ်ချက် ရုပ်သိမ်းပေး

ဂျကာတာ ဧပြီလ ၁၄

အင်ဒိုနီးရှားအစိုးရသည် နိုင်ငံ့စီးပွားရေးကို ပြန်လည်ထိန်းညှိရန် လွန်ခဲ့သော သီတင်းပတ်နှစ်ပတ်က နိုင်ငံ ၁၄ နိုင်ငံသို့ သွားရောက်ခဲ့ဖူးသော ခရီးသွားရာဇဝင်ရှိသည့် နိုင်ငံတကာခရီးသွားများအပေါ် ပိတ်ထားခဲ့သောပြည်ဝင်ခွင့်ကို ရုပ်သိမ်းပေးခဲ့ကြောင်း ကိုဗစ်-၁၉ လုပ်ငန်းအဖွဲ့က ဧပြီလ ၁၄ ရက်က ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ လုပ်ငန်းအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဝီကူအဒီဆက်စ်မီတိုက အိုမီခရွန်ကိုရိုနာဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၁၅၀ ခန့်ကူးစက်ပျံ့နှံ့ချိန်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ပြည်ဝင်ခွင့်ပိတ်ထားမှုကိုလည်း ရုပ်သိမ်းပေးခဲ့ကြောင်း ပြောခဲ့သည်။

အကယ်၍ ပြည်ဝင်ခွင့်ဆက်လက်ပိတ်ထားမည်ဆိုပါက နယ်စပ်ဖြတ်ကျော်ရေးကိစ္စရပ်များတွင် အခက်အခဲများရင်ဆိုင်ရနိုင်ကြောင်း လုပ်ငန်းအဖွဲ့က ဆက်လက်ပြောကြားလိုက်သည်။ ၁၄ နိုင်ငံမှာ တောင်အာဖရိက၊ ဘော့စ်ဝါနာ၊ နော်ဝေး၊ ပြင်သစ်၊ အန်ဂိုလာ၊ ဧမ်ဘီယာ၊ ဧင်ဘာဘွေ၊ မာလဒီ၊ မိုဇမ်ဘစ်၊ နမ်မီဘီးယား၊ အက်စ်ဝါတီနီ၊ လီဆိုသို့ ဗြိတိန်နှင့် ဒိန်းမတ်တို့ဖြစ်ကြသည်။ တခြားနိုင်ငံတကာခရီးသွားများကဲ့သို့ အဆိုပါနိုင်ငံများမှ ခရီးသွားများသည်လည်း အင်ဒိုနီးရှားနိုင်ငံသို့ ဝင်ရောက်ပါက ခုနစ်ရက်သာ ကွာရန်တင်းဝင်ရန် လိုအပ်ကြောင်း သိရသည်။

ဆင်ဟွာ

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ၁၀-၁-၂၀၂၂ ရက်နေ့မှ ၁၄-၁-၂၀၂၂ ရက်နေ့အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင် လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် ၀ ဒသမ ၄၇၀ သန်း ဖြစ်ပါသည်။ ၁၄-၁-၂၀၂၂ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း

	ကျပ်
၃၀-၁၂-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	၁၆၆,၁၁၇,၄၁၀,၁၄၂.၅၃
(+) ၁၀-၁-၂၀၂၂ မှ ၁၄-၁-၂၀၂၂ ရက်နေ့အထိ ရရှိငွေ	၄၇၀,၀၀၀.၀၀
(-) EDC-600012 သို့ USD ၂ သန်း လွှဲပြောင်းငွေ (၁၀-၁-၂၀၂၂)	၃,၅၆၂,၀၀၀,၀၀၀.၀၀
၁၄-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	**၁၆၂,၅၅၅,၈၈၀,၁၄၂.၅၃**

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း

	အမေရိကန်ဒေါ်လာ
၃၀-၁၂-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	၂၄,၁၃၇,၃၄၉.၅၃
(+) ၁၀-၁-၂၀၂၂ မှ ၁၄-၁-၂၀၂၂ ရက်နေ့အထိ ရရှိငွေ	-
(+) OA-013733 မှ လွှဲပြောင်းခြင်း (၁၀-၁-၂၀၂၂)	၂,၀၀၀,၀၀၀.၀၀
၁၄-၁-၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	**၂၆,၁၃၇,၃၄၉.၅၃**

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA-013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၁၀-၁-၂၀၂၂ ရက်နေ့မှ ၁၄-၁-၂၀၂၂ ရက်နေ့အထိ)

စဉ်	လှူဒါန်းငွေပေးသွင်းသူအမည်	ကျပ်
	၁၀-၁-၂၀၂၂	၁၇၀,၀၀၀
၁	ဒေါ်ခင်သီစန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ)	၁၀၀,၀၀၀
၂	ဒေါ်ညွှန့်ညွှန့်ကြည်(လိပ်စာဖော်ပြထားခြင်းမရှိပါ)	၅၀,၀၀၀
၃	ဦးညွှန့်ဆွေ၊ ဒေါ်အေးအေးသွင်(လိပ်စာဖော်ပြထားခြင်းမရှိပါ)	၂၀,၀၀၀
	၁၃-၁-၂၀၂၂	၃၀၀,၀၀၀
၁	မစန်းစန်းဝေ	၃၀၀,၀၀၀
	(၁၀-၁-၂၀၂၂ ရက်နေ့မှ ၁၄-၁-၂၀၂၂ ရက်နေ့အထိ) စုစုပေါင်း	၄၇၀,၀၀၀

မှတ်ချက်။ (က) အလှူရှင်များက ပေးဝို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

ဇန်နဝါရီ ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၆ ဦး တွေ့ရှိ

ထပ်မံသေဆုံးသူ တစ်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၂၉၉ ဦး ရှိ

(၁၄-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၀၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂၆) ဦးတွေ့ရှိရပါသည်။** ထို့ကြောင့် ယနေ့အတွက် **ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၃) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၈၅,၂၁၀) ခုအား စစ်ဆေးခဲ့ပြီး **ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၃၂,၈၅၁) ဦး ရှိပြီဖြစ်ပါသည်။**

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၀၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၀,၉၈၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် **ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၉၉) ဦး ရှိပါသည်။**

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၄-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့ လူနာသစ်
ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ	(၁,၁၁၀) ခု	(၂၆) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ	(၁၂၆) ခု	(၂) ဦး
ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၃၅၀) ခု	-
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၇၉) ခု	-
လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀)	(၂၅) ခု	(၁) ဦး
ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ	(၉၅၄) ခု	(၁၄) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၅၆၁) ခု	(၆) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၆,၅၀၃) ခု	(၇၇) ဦး
စုစုပေါင်း	**(၉,၇၀၈) ခု**	**(၁၂၆) ဦး**

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးနှင့် ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျေးဇူးတင်ကြောင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

Relief Flight များဖြင့် ဝင်ရောက်လာသည့် နိုင်ငံခြားသားသုံးဦးထံမှ အိုမီခရွန်ရောဂါပိုးတွေ့ရှိ

SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

(၁၄-၁-၂၀၂၂) ရက်နေ့

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇ ပြောင်း ရောဂါပိုးစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း" များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့် ပြန်လည်ဝင်ရောက်လာသူများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး တွေ့ရှိမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာ၍ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း ရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇ စစ်ဆေးခြင်းကို တပ်မတော်ဆေးသုတေသနတပ်၌ (၁၃-၁-၂၀၂၂) ရက်နေ့တွင် ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးကို ဓာတ်ခွဲနမူနာ (၃) ခုတွင် အတည်ပြုတွေ့ရှိခဲ့ရပါသည်။

၃။ အဆိုပါ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ နိုင်ငံခြားသား (၃) ဦးမှာ Relief Flight များဖြင့် ဖိလစ်ပိုင်နိုင်ငံမှ ဝင်ရောက်လာသူ (၂) ဦးနှင့် မလေးရှားနိုင်ငံမှ ဝင်ရောက်လာသူ (၁) ဦးတို့ ဖြစ်ကြပါသည်။

၄။ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူများအား သီးသန့်ထားရှိကာ ကုသစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့် လေကြောင်းခရီးစဉ်တွင် အတူလိုက်ပါလာသည့် ခရီးသည်များအားလည်း အသွားအလာကန့်သတ်ခြင်း (Strict Quarantine) နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

** ကျောဖုံးမှ*

သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

ခေါင်းဆောင်များ၏ ဆွေးနွေးချက်များ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEM ၏ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်လည်ပတ်မှု၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေးအခြေအနေ၊ ကမ္ဘောဒီးယားဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ လာရောက်စဉ် နှစ်နိုင်ငံခေါင်းဆောင်များ၏ ဆွေးနွေးချက်များနှင့် ပူးတွဲသတင်းထုတ်ပြန်ချက်များ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေးတွင် သက်ရောက်မှုရှိလာနိုင်သည့် ပြင်ပအကြောင်းတရားများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(EAO)များနှင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပြီး ၂၀၂၂ ခုနှစ်၊ နှစ်ကုန်အထိ ထပ်မံတိုးမြှင့်သွားရန် အသိပေးထားသည့်အခြေအနေ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ၄ ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့သည် ၇၅ နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သောကြောင့် စိန်ရတုအကြိုကာလဖြစ်သည့် ယခုနှစ်တွင် နှစ်ပေါင်း ၇၅ နှစ်တာ ကြာခဲ့ပြီဖြစ်သည့် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုမိုခိုင်မာစေရန် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ငြိမ်းချမ်းရေးခြေလှမ်းသစ်စတင်ရမည့်အခြေအနေ၊ သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးအား ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်ဖိတ်ခေါ်ထားမှုနှင့် ငြိမ်းချမ်းရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သည့် အခြေအနေ၊ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ၇၁ နှစ်ကြာ သံတမန်ဆက်ဆံရေးကာလအတွင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ဘက်စုံပူးပေါင်းမှု တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှု၊ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတွင် နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့နိုင်စေရန်၊ နှစ်နိုင်ငံငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်လွယ်ကူချောမွေ့စေရန်၊ အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုကို လျှော့ချနိုင်ရန်နှင့် Exchange Rate Risk များ လျှော့စေနိုင်ရန် ယွမ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေမှုကို ဆောင်ရွက်ခွင့်ပြုခဲ့မှု၊ ကိုဗစ်-၁၉ ရောဂါ SARS-CoV-2 Variant Omicrom မြန်မာနိုင်ငံတွင် တွေ့ရှိရမှု အခြေအနေနှင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်နေမှု၊ နိုင်ငံ၏အနာဂတ်လူသားအရင်းအမြစ် ဖြစ်ထွန်းနှောင့်နှေးနစ်နာစေမှု မရှိစေရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းထားနိုင်သည့်အခြေအနေတွင် NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏နှောင့်ယှက်မှုများ၊ CDM ပြုလုပ်သွားသည့် ဝန်ထမ်းများစသည့် အခက်အခဲများကြားမှ ပညာရေးမြှင့်တင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေသည့် အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

အကြမ်းဖက်မှုဖြစ်စဉ်များ

ဆက်လက်၍ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များလုပ်ဆောင်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များ၊ စစ်ရေးနှင့်သက်ဆိုင်သည့် ပစ်မှတ်များမဟုတ်သည့် လူနေအဆောက်အဦများ၊ အစိုးရအဆောက်အဦများ၊ ပညာရေးဆိုင်ရာအဆောက်အဦများနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများကို အကာအကွယ်ရယူပြီး အပြစ်မဲ့ဒေသခံများကို လူသားဒိုင်းအဖြစ်အသုံးပြု၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေမှု၊ ကျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်နေမှု၊ ပြည်သူလူထုအပေါ် ခြိမ်းခြောက်၊ သတ်ဖြတ်၊ လုယက်မှုများ၊ ဖမ်းဆီးရမိတရားခံ NLD ပါတီဝင် ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်များအရ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် အခြေအနေ၊ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်မှုများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းခဲ့ရမှု၊ လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုများနှင့် ဖမ်းဆီးရမိတရားခံ NLD ပါတီဝင် ဖြိုးဇေယျာသော်၏ ဝန်ခံပြောကြားချက်များကို PowerPoint Presentation များ၊ Video ဖိုင်များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်များ

ထို့နောက်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက တည်ဆဲနိုင်ငံရေးပါတီများ၏ စာရင်းများကို စစ်ဆေးဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ဆောင်ရွက်ခဲ့ကြသူများအပေါ် အရေးယူဆောင်ရွက်မှု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပဆောင်ရွက်ခဲ့မှုနှင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ဥပဒေ၊ နည်းဥပဒေများ သုံးသပ်ပြင်ဆင်ခြင်း၊ ဝန်ထမ်းအင်အားဖြည့်တင်းခြင်းအပါအဝင် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို Power-Point Presentation များဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

သတင်းစာရှင်းလင်းပွဲသို့ လာရောက်ကြသည့် သတင်းမီဒီယာများက ခင်းကျင်းပြသထားသည်များကို မှတ်တမ်းရယူစဉ်။

ခင်းကျင်းပြသ

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မီဒြမ်းကိုးကားနိုင်ရေးအတွက် သတင်းစာရှင်းလင်းပွဲဆိုင်ရာ အချက်အလက်များ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်မှုများ၊ လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များနှင့် သတင်းထုတ်ပြန်ချက်များကို ခင်းကျင်းပြသထားရှိရာ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာကြသည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာရှိ စာသင်ကျောင်းအား PDF အမည်ခံအကြမ်းဖက်သမားများက ဆင်ခြင်တုံတရားမဲ့စွာ မီးရှို့၊ ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဧန်နဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများက မရသိမ်ကျေးရွာရှိ စာသင်ကျောင်းအတွင်း/အပြင် ၌ ခြံစည်းရိုးပတ်လည်ကို သဲအိတ်များ ကာရံခြင်း၊ မိုင်းများထောင်ထားခြင်း၊ သဲအိတ်ဘန်ကာများ တည်ဆောက်ခြင်း၊ အကြမ်းဖက်လေ့ကျင့်ရေးကွင်းများ ဖောက်လုပ်ခြင်းများ ပြုလုပ်၍ စာသင်ကျောင်းအား အခိုင်အမာ စခန်းတည်ဆောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် ချေမှုန်းတိုက်ခိုက်ခဲ့ရာ ၁၀၇ မမ ရှော့တိုက်ဒုံးသီး အပါအဝင် လက်နက်၊ခဲယမ်း၊ဗုံးသီးများ နှင့် အကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ဖရိုဖရဲ ဆုတ်ခွာသွားသော အကြမ်းဖက်အဖွဲ့များသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေစဉ် ဧန်နဝါရီ ၁၃ ရက် ည ၉ နာရီခွဲခန့်တွင် ကျေးရွာအတွင်း ပြန်လည်ဝင်ရောက်လာပြီး ၎င်းတို့စခန်းချ အခြေပြုနေထိုင်ခဲ့သည့် သက်သေအထောက်အထားများ မကျန်စေရန်အတွက် စာသင်ကျောင်းကို ဆင်ခြင်တုံတရားမဲ့စွာ မီးရှို့၊ ဖောက်ခွဲဖျက်ဆီးခဲ့သည်။

ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာရှိ စာသင်ကျောင်းအား တွေ့မြင်ရပုံ။

ယင်းသို့ မီးရှို့ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကျေးရွာရှိ အလျားပေ ၁၃၀၊ အနံ ၂၅ ပေ၊ အမြင့် ၂၅ ပေရှိ ပေ ၃၀ ပတ်လည် အခန်းလေးခန်းပါ နှစ်ထပ်စာသင်ဆောင်၊ အလျားပေ ၆၀ ၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ ပေ ၂၀ ပတ်လည် အခန်းသုံးခန်းပါ တစ်ထပ်စာသင်ဆောင်တစ်ဆောင် နှင့် အလျားပေ ၈၀၊ အနံ ၁၈ ပေ၊ အမြင့် ၁၅ ပေရှိ အခန်းငါးခန်းပါ တစ်ထပ်ပျဉ်ထောင် စာသင်ဆောင်တစ်ဆောင်တို့ မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

ထီးချိုင့်မြို့နယ် မရသိမ် အ.လ.က(ခွဲ) စာသင်ကျောင်း မီးလောင်ကျွမ်းမှု မှတ်တမ်းဓာတ်ပုံ။

အလျားပေ ၈၀၊ အနံ ၁၈ ပေ၊ အမြင့် ၁၅ ပေ၊ ၁၈ ပေပတ်လည် အခန်းငါးခန်းပါ တစ်ထပ်ပျဉ်ကျောင်းဆောင် မီးလောင်ကျွမ်းမှု မှတ်တမ်းဓာတ်ပုံ။

အလျားပေ ၆၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေ၊ ပေ ၂၀ ပတ်လည် အခန်း သုံးခန်းပါ တစ်ထပ်ကျောင်းဆောင် မီးလောင်ကျွမ်းမှု မှတ်တမ်းဓာတ်ပုံ။။။

သိမ်းဆည်းရမိသည့် ၁၀၇ မမ ဒုံးသီးနှင့် လက်လုပ်စိန်ပြောင်းဗုံးသီးများ။

အလျားပေ ၁၃၀၊ အနံ ၂၅ ပေ၊ အမြင့် ၂၅ ပေ၊ ပေ ၃၀ ပတ်လည် အခန်း လေးခန်းပါ နှစ်ထပ် ကျောင်းဆောင်။

ကျောင်းဝင်း အတွင်း သိမ်းဆည်း ရမိသည့် သဲအိတ် ဘန်ကာကို တွေ့ရစဉ်။

ယင်းသို့ မီးရှို့ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကျေးရွာရှိ အလျားပေ ၁၃၀၊ အနံ ၂၅ ပေ၊ အမြင့် ၂၅ ပေရှိ ပေ ၃၀ ပတ်လည် အခန်းလေးခန်းပါ နှစ်ထပ်စာသင်ဆောင် အပါအဝင် လက်နက်၊ခဲယမ်း၊ဗုံးသီးများ နှင့် အကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများ အနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် ကျေးရွာများအတွင်း လူနေအိမ်များကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အပြင် ကျောင်းသူ ကျောင်းသားများ ပညာသင်ကြားရေးအတွက် အသုံးပြုနေသည့် ကျေးရွာစာသင်ကျောင်းအား ယခုကဲ့သို့ မီးရှို့ဖျက်ဆီးခဲ့ခြင်းသည် ကျောင်းနေအရွယ်ကလေးသူငယ်များ၏ ပညာသင်ယူခွင့်ကို ထိခိုက်နစ်နာစေရုံသာမက ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ပညာရည်မြင့်မားမှုကို ပိတ်ပင်ဖျက်ဆီးမှုဖြစ်သဖြင့် ကျိုနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ လုပ်ရပ်များအပေါ် ဒေသခံပြည်သူများအနေဖြင့် ရွံရှာစက်ဆုပ်မုန်းတီးလျက်ရှိကြောင်း သိရှိရသည်။

အထက်ပါ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်ချေမှုန်း၊ သုတ်သင်သွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ ဝင်ထွက်သွားလာမှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး၍ နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ကြရန် သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

❑ *ကျောဖုံးမှ*

သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် သွားရောက်ချေမှုန်းတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ကျေးရွာ၏ တောင်ဘက်သို့ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများနေထိုင်ခဲ့သည့် ဘုန်းကြီးကျောင်းအတွင်းမှ လက်လုပ်တစ်ထောင့်တိုး သေနတ်အလက် ၂၀၊ ခါးချိုး ၁၂ ဗို့သေနတ်တစ်လက်၊ အီနာဂါ ဗုံးသီးတစ်လုံး၊ ကျည်မျိုးစုံ ၁၂၅ တောင့်၊ လက်လုပ်မိုင်း ၁၀ လုံး၊ လက်ပစ်ဗုံး နှစ်လုံး၊ လမ်းလျှောက် စကားပြောစက် နှစ်လုံး၊ မော်တော်ဆိုင်ကယ် အစီး ၂၀၊ မော်တော်ယာဉ်တစ်စီး၊ အကြမ်းဖက်မှု လုပ်ငန်းများတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် ဒေသခံပြည်သူများထံမှ အတင်းအဓမ္မကောက်ခံထားသည့် ဆန်အိတ်များနှင့် ကြက်သွန်နီအိတ်များကို သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်အဖွဲ့များ ဖြစ်သည့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံရေးအမည်ခံ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေး ကိုပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်ခြင်း၊ ယင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အသုံးပြုမည့် လက်နက်/ ခဲယမ်းများကို နည်းမျိုးစုံဖြင့် နိုင်ငံအတွင်းပို့ဆောင်၍ အများပြည်သူ ယုံကြည်ကိုးကွယ်ရာဖြစ်သော ဘုန်းတော်ကြီးကျောင်းအချို့အတွင်း သိုဝှက်သိမ်းဆည်းခြင်း၊ စခန်းချနေထိုင်ခြင်းများကိုလုပ်ဆောင်၍ ဘာသာ၊ သာသနာတော် ညှိုးနွမ်းပျက်စီးပျောက်ရေးကို ဦးတည်လုပ်ဆောင်လျက်ရှိရာ ကိုးကွယ်ယုံကြည်ရာဘာသာဝင်များ အနေဖြင့် အသိတရားလက်ကိုင်ထား၍ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်နေမှုများအပေါ် အထောက်အကူရရှိစေရန် အကြမ်းဖက်သမားများ၏ သတင်းများကို ရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်သတင်းပေးပို့ကြပါရန် သက်ဆိုင်ရာက တိုက်တွန်းသတင်းထုတ်ပြန်ထား ကြောင်း သိရသည်။

သတင်းစဉ်

ရေဦးမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန် ယဉ်ကျေးကျေးရွာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိနေသည့် အကြမ်းဖက်သမားများအား ဝင်ရောက်ဖမ်းဆီးသည့်နေရာပြပုံ။

အကြမ်းဖက်သူများထံမှ သိမ်းဆည်းရမိသည့် လက်နက်နှင့် ဆက်စပ်ပစ္စည်းများ။

ဘုန်းကြီးကျောင်းအတွင်း အကြမ်းဖက်သူများနေထိုင်သည့် နေရာကို တွေ့ရစဉ်။

အကြမ်းဖက်သူများအသုံးပြုသည့် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များကို တွေ့ရစဉ်။

ဘုန်းကြီးကျောင်းအတွင်း အကြမ်းဖက်သူများနေထိုင်သည့် နေရာကို တွေ့ရစဉ်။

အကြမ်းဖက်သူများ ရိက္ခာသိုလှောင်ထားသည့် အခန်းနှင့် ချက်ပြုတ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို တွေ့ရစဉ်။

သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၁-၂၀၂၂ စနေနေ့

MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ဂုတနသုတ်၊ဟေဗျွဂ်သုတ် အနှစ်ရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ
၀၈:၃၅ ကဃားပြည်နယ်ရဲ့အလှအပ၊ဒေသထွက်ကုန်အစား၊ရိုးရာယဉ်ကျေးမှု
၀၉:၄၀ ခေတ်အလိုက်ကြေးမုံပြင်
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၁:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း **'လူယုတ်ကြီးမဟုတ်တဲ့လူပိုကြီး'**
၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ခါးခါး အချစ်ချိုချို'** (အပိုင်း-၂၃)
၁၃:၃၀ MRTV National News

သောကြာနေ့ညတိုင်းတွင် တေးဂီတရေတိုပြဇာတ် တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

mitv

07:01 Metta Inngyin Yagon (Sein Lei Lei)
07:11 Weekly Review
07:27 Myanmar Traditional Snacks: Mounhsi Gyaw
07:32 Sarus Crane in Myanmar
07:42 Myanmar Designer Studio: Pone Taw Pyay
08:00 Quiz Time (Ep-1)
09:01 News
09:26 Global Partnership for Brighter Future: Belarus Pavilion at Expo 2020 Dubai
09:35 Ecotourism: Naga Traditional Customs
09:54 Myanmar Masterclass: Art Teacher
10:01 Orphanage
10:07 Kyaw Min Thu (Winner) Lose2Win With Andy
10:20 Myanmar Cultural Heritage From Kyar Paing Village

MRTV NRC

ဝကြာကရင် (၀၆:၀၀ မှ ၀၇:၀၀)
ရသေ့ပျံရွာ
အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)
ဝန်မြစ်ကမ်းနားဘေးကဂွာသစ်ရွာကလေး
အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)
ကရင်ပြုတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးတဲ့ဓလေ့
ချင်း (လိုင်စိုး) (၀၉:၀၀ မှ ၁၀:၀၀)
ဝုက်ယူစံထားဘောလုံးသမား
ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)
အဟာရပြည့်အေတိုချက်
မွန် (၁၁:၀၀ မှ ၁၂:၀၀)
မွန်ရိုးရာထိမ်းမြားမင်္ဂလာ
ရခိုင် (၁၂:၀၀ မှ ၁၅:၀၀)
ရခိုင်ပြည်မှသဘာဝအလှများ
ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)
ဆွေညီနောင်များ:ဘာသာစကားပြင့်ချစ်ကြည်ဇစ်မည် (အပိုင်း-၂)
၀ (၁၇:၀၀ မှ ၁၉:၀၀)
ငါးပါင်းပြုလုပ်နည်း
ကချင် (၁၉:၀၀ မှ ၂၁:၀၀)
ဒေါင်လန်ဗူးအလွန်မှဒီးလာဝါဒီကျေးရွာသို့
ကယား (၂၁:၀၀ မှ ၂၃:၀၀)
လန်းဆန်းပျော်ရွှင်ဇရပ်မ်းကြောင်းခရီးစဉ်

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကွက်လပ်ပြည့်ပါ'
၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅)
၁၁:၀၀ နိုင်ငံတကာလွှတ်တော်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ၊အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၅)

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစား:မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel တို့ နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel တို့ စနေ၊တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

ကျေးလက်ဒေသ မွမ်ပြီးတိုးတက်ရေးအတွက် နွေကျန်ခဲ့သော ဂျာနယ် ထွက်ရှိ

၁၅-၁-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၂)တွင်
- သီးနှံမျိုးစေ့များ သိုလှောင်ရာ ဂရုပြုလိုက်နာစရာ
- ဆလတ်ပင်စိုက်ပျိုးနည်းအကြောင်း
- ဂျီအေပီစနစ်ဖြင့် စိုက်ပျိုးသော ပဲတီစိမ်းများ ဈေးကောင်းရပြီ
- မြန်မာ့ထောပတ်သီးစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေ
- အပူပိုင်းဒေသ နို့စားနွားများ မွေးမြူခြင်းနှင့် အစာကျွေးမွေးခြင်း
- အရသာထူးခြားပြီး ဈေးကွက်ရှိသော စစ်တောင်းငါးသလောက်
- အချိုမှုန့်ခေါ် ဟင်းချိုမှုန့်နှင့် ကျန်းမာရေး
- သားအိမ်ခေါင်းကင်ဆာနှင့် ကြိုင်ကာကွယ်ရန်နည်းလမ်းများ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်
အဖြူ၊မြီ၊အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧန်နဝါရီ ၁၄

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဧလ**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

နေပြည်တော် ဧန်နဝါရီ ၁၄

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ဧန်နဝါရီ ၁၄ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Iv Cannula With Injection Valve အခု ၂ဖဝ၅၀၊ Hemodialysis Blood Tubing Set အခု ၃၈၀၊ Arterial-venoud Fistula Set ၃ဖ ခု၊ Dialyzer ဖ၃ ခု၊ ဆေးဝါးမျိုးစုံ ၄၉ မျိုး၊ စုစုပေါင်း ၁၉၁၂၀၄ ဒသမ ၉၂ KG ၊ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီလေးခုမှ Glucose Injection ၄၅၃ခု ခု၊ Sai B6 Injection အခု ၁ဖ၄၄၀၊ Vitamin Tablets အခု ၈၀၀ ၊ Paracetamol Tablet ၁၀၀၈၀ ခု၊ Sai Ibufen 200 Tablets အခု ၂၂၄၀၊ Oxygen Concentrator ၁၀၀ဖ ခု၊ Disposable Face Mask ၁၈၄ဖ၇ KG တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၁ - ၂၀၂၂

ရွှေ

ရန်ကုန်	၁ဖ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ် ၁၈၅ဖ၀၀၀
ရန်ကုန်	၁၅ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ် ၁၇၄ဖ၈၀၀
မန္တလေး	၁ဖ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ် ၁၈၅ဖ၀၀၀
မန္တလေး	၁၅ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ် ၁၇၄ဖ၈၀၀

(အောင်သမာဓိမှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၁၄၄၀/၁၄၅၀ ကျပ်	၁၄ဖ၀/၁၄၇၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၁၄၅၀/၁၄ဖ၀ ကျပ်	၁၄၈၀/၁၄၉၅ ကျပ်
အောက်တိန်း ၉၂	၁၄၄၅/၁၄၅၅ ကျပ်	၁၄၉၅/၁၅၁၀ ကျပ်
အောက်တိန်း ၉၅	၁၄၉၅/၁၅၂၀ ကျပ်	၁ဖ၀၅/၁ဖ၁၀ ကျပ်

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၇၇၈ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၂၀၄၀ . ၃
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၃၂၂ . ၆
ထိုင်း	တစ်ဘတ်	ကျပ်	၅၃ . ၅၆၂
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၅၆၂ . ၅
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၂၅ . ၆၁
တရုတ်	တစ်ယွမ်	ကျပ်	၂၇၉ . ၉၇
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၃ . ၉၇၉

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၂၀၀	၈၂၀၀	၁၀၄	၈၅၂၈၀၀
MTSH	၃၀၀၀	၃၀၅၀	၃၇၀	၁၁၁၈၄၅၅၀
MCB	၀	၀	၀	၀
FPB	၀	၀	၀	၀
TMH	၂ဖ၅၀	၂ဖ၅၀	၁	၂ဖ၅၀
EFR	၀	၀	၀	၀
AHP	၀	၀	၀	၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ	-	နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၀၄၊ စီမံ ၀၁-၅၄၄၃၃၀၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၀၆၊ ကြော်ငြာ ၀၁-၅၄၅၅၃၃၀၊ ၀၁- ၅၅၉၁၁၀၈၊ Fax ၀၁-၅၄ဖ၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၀၇၊ Fax ၀၁-၈ဖ၀၄၅၄ဖ။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

အတွေးတွေ ဘယ်မှာလဲ

စာချစ်သူ

ယခုတလော လူအများစုရဲ့ စိတ်အတွေးများနှင့် ပတ်သက်၍ ကျွန်တော်တွေးနေမိသည်။ သူတို့အတွေးတွေက ဘယ်မှာလဲ၊ ဘာတွေကို တွေးနေကြသလဲ၊ ဘယ်ကို ဦးတည်နေသလဲ စသဖြင့်ပေါ့။

လောကကို စိတ်ကဦးဆောင်

လူတွေရဲ့စိတ်အတွေးတွေကအရေးကြီးလို့လားဟုမေးလျှင် အရေးကြီးတာပေါ့ဟု ဆိုရပါမည်။ ကာယ၊ ဝစီ၊ မနောကံသုံးပါးတွင် မနောကံသည် အဦးဆုံးဖြစ်သည်။ နှုတ်အမှုအရာ၊ ကိုယ်အမှုအရာ တစ်စုံတစ်ခုမပြုမီ တွေးကြံခြင်းကို အရင်ဆုံးပြုကြရသည်။ ဝစီကံအမှုနှင့် ကာယကံအမှုတို့သည် တွေးကြံခြင်းတည်းဟူသောအမှုကိုပြုပြီးမှသာ ဖြစ်ပေါ်စမြဲဖြစ်သည်။ ထို့ကြောင့် စာပေကျမ်းဂန်များတွင် စိတ္တေန နိယတေလောကော၊ လောကကို စိတ်ကဦးဆောင်သည်ဟု ဖွင့်ဆိုပြခဲ့သည်။

ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်ကို တည်ဆောက်ရာတွင် စိတ်ကောင်းရှိဖို့ လိုသည်။ ယောနိသော မနသိကာရတည်းဟူသော သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းတတ်ဖို့ လိုသည်။ အပြုသဘောဆောင်ဖို့ လိုသည်။ စိတ်ကောင်းရှိမှ ပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်နိုင်မည်။ သို့မို့ကြောင့် တောင်မြို့ဆရာတော်ကြီး အရှင်ဇနကာဘိဝံသက မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ စည်းမျဉ်းစည်းကမ်းများထဲတွင် “စိတ်ကောင်းရှိဖို့က – ပထမ”ဟု ရေးဆွဲခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ပစ္စုက္ခကာလတွင်မူ ကိုယ့်အနီးဝန်းကျင်ရှိ လူအချို့၏ပြုမူပြောဆိုလုပ်ကိုင်နေမှုများမှ တစ်ဆင့် လှမ်းမြင်တွေ့လိုက်ရသည့် သူတို့၏ စိတ်အတွေးအကြံများကား အယောနိသော မနသိကာရဟူသော မသင့်မတင့်နှလုံးသွင်းမှုများသာ။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်၊ နှစ်သစ်၏ ကနဦး နေ့ရက်ဖြစ်သည်။

“ဟဲ့၊ နင် အခုမှ စ္ပျေးလာတာလား”

“ဟုတ်တယ်၊ ညက နှစ်သစ်ကူး Count Down မှာ ဆဲဖို့မအိပ်ဘဲ ထိုင်စောင့်နေရလို့”

စ္ပျေးသွားစ္ပျေးလာ အမျိုးသမီးနှစ်ဦး၏ နှုတ်ဆက်စကားသံများကို ပြန်လည်အမှတ်ရမိသည်။ နှစ်သစ်မဂ်လာအခါသမယတွင် နှလုံးသွင်းမှန်ကန်သူများက ပရိတ်ပဌာန်းတရားတော်များ၊ မေတ္တာဘာဝနာ၊ တရားမမ္မတို့ဖြင့် နှစ်သစ်ကို ကုသိုလ် မဂ်လာအဖြာဖြာဖြင့် ကြိုဆိုကြသလို အချို့ကလည်း ထိုအမျိုးသမီးကဲ့သို့ မှားယွင်းစွာ မသင့်မတင့် နှလုံးသွင်း၍ အကုသိုလ်အမှုဖြင့် နှစ်သစ်ကို ကြိုဆိုကြလေသည်။

ပြီးခဲ့သည့်ရက်ပိုင်းက ရန်ကုန်မြို့၊ မဂ်လာစ္ပျေးမီးပွိုင့်တွင် ယာဉ်ကြောပိတ်ဆို့မှု အတန်ကြာဖြစ်ပေါ်ခဲ့သည်။ အနည်းဆုံး နာရီဝက်၊ ၄၅ မိနစ်ခန့်ကြာမြင့်ခဲ့သည်။

“မော်တော်ပီကယ်က ဘယ်ရောက်နေတာလဲ”

“ဒီလောက်ကားတွေ ပိတ်နေတာမသိဘူးလား”

“ဒါမျိုးဆို မလာတော့ဘူး”

ခရီးသည်အချို့၏ အလိုမကျ ပြစ်တင်စကားသံများ ထွက်ပေါ်လာသည်။

တစ်အောင့်အကြာတွင် ဝီစီသံတရှိန်ရှိန်ဖြင့် ယာဉ်ထိန်းရဲကြီးရောက်လာသည်။

“လာပြီ၊ လာပြီ၊ မော်တော်ပီကယ်လာပြီ” ခရီးသည် အချို့၏ ဝမ်းသာအားရစကားသံများကို ကြားရပြန်သည်။

လေး၊ ငါး၊ ဆယ်မိနစ်အတွင်းမှာပင် ယာဉ်ကြောပိတ်ဆို့မှုများ အဆင်ပြေချောမွေ့သွားသည်။

“အမယ်လေး၊ တော်ပါသေးရဲ့”

ရှေ့ကအမျိုးသမီးကြီးတစ်ဦးက စိတ်သက်သာရာရသွားဟန်ဖြင့် ရေရွတ်လိုက်သည်။

“မော်တော်ပီကယ်ကြီးကိုလည်း ဆုပေးလိုက်ပါဦးဗျာ၊ ဘေးရန်ကင်းပါစေလို့”

လူလတ်ပိုင်းအရွယ် ခရီးသည်အမျိုးသားကြီး၏ မေတ္တာလွမ်းခြိုသောဆုတောင်း စကားကိုလည်း ကြားလိုက်ရသည်။

ကျွန်တော်ကမူ လူတို့၏ မနောကို စောကြောတွေးတောနေမိသည်။ ပြီးတော့ ယောနိသော မနသိကာရနှင့် အယောနိသော မနသိကာရ၏ ကွာခြားမှုများ။

သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းမှုတည်းဟူသော ယောနိသော မနသိကာရနှင့် ပတ်သက်၍ ၁၉၉၄ ခုနှစ်က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ချမ်းမြေ့ရိပ်သာတွင် ကျွန်တော် ဒုလ္လဘရဟန်းခံရင်း ချမ်းမြေ့ရိပ်သာဆရာတော်ကြီးထံမှ နာယူမှတ်သားခဲ့ဖူးသည်။

ယောနိသော မနသိကာရ

ဆရာတော်ကြီးက ရိပ်သာရှိ ရဟန်းယောဂီများအား ဩဝါဒပေးရင်း ငယ်စဉ်ကလေးဘဝက ဇာတိရပ်ရွာတွင် ရေခပ်ဆင်းရင်း တစ်နေ့ ရေအိုးကျကွဲခဲ့ပုံ၊ အခြားသူငယ်များက ကလေးသဘာဝ လှောင်ပြောင်ခဲ့ကြပုံ၊ ဆရာတော်အလောင်းအလျာက အခြားကလေးသူငယ်များကဲ့သို့ ငိုယိုခြင်းမရှိဘဲ ကျန်ရှိသေးသော ရေအိုး၏ လည်ဆစ်ကိုပြပြီး “ရေအိုး ကွဲလည်း အိုးတွေတင်ဖို့ ကည္ဆတ်ခွေရတာပေါ့”ဟု ပြန်လည်ခွန်းတုံ့ပြန် ပြောကြားခဲ့ပုံများအား ပြန်ပြောင်းမိန့်ကြားပြောဆိုပြီး တစ်ဆက်တည်းမှာပင် “ငယ်စဉ်ကတော့ ဒါဟာ ယောနိသော မနသိကာရဆိုတာ မသိခဲ့ဘူးပေါ့”ဟု ယောနိသော မနသိကာရ၏ သဘောသဘာဝကို ရှင်းလင်းဟောကြားတော်မူခဲ့ပါသည်။

လက်ရှိအချိန်မှာတော့ ကိုယ့်အနီးဝန်းကျင်တွင် ယောနိသော မနသိကာရဖြင့် သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းလေ့ရှိသူ၊ နှလုံးသွင်းတတ်သူများ ရှားပါးလာခဲ့ချေပြီ။ အထူးသဖြင့် လက်ရှိလူအများစု အသုံးပြုနေသော လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် လေ့လာကြည့်လျှင် တွေ့နိုင်သည်။ မသင့်မတင့် နှလုံးသွင်းမှုတည်းဟူသော အယောနိသော မနသိကာရမှတစ်ဆင့် ပေါက်ဖွားလာသည့် မှတ်ချက်အရေးအသားများက ယိုသူမရှက် မြင်သူရှက်စရာပင်။

ယခုရက်ပိုင်း မြန်မာနိုင်ငံမှ သတင်းထောက်တစ်ဦးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ သူကြုံတွေ့ခဲ့သည့် မောင်းသူမဲ့တက္ကစီနှင့် ဘတ်စ်ကားအကြောင်း ဗီဒီယို ပရိုဂရမ်ဖိုင်လေးတစ်ခုကို လူမှုကွန်ရက်စာမျက်နှာတွင် တင်ဆက်ဖော်ပြခဲ့သည်။

အိမ်နီးချင်းနိုင်ငံ၏ တိုးတက်မှု၊ တီထွင်မှုများကို အားကျအတုယူစေလိုသည့် စေတနာလည်းပါပါလိမ့်မည်။ သို့ရာတွင် ထုံးစံအတိုင်း မှတ်ချက်အများစုက အယောနိသော မနသိကာရ စိတ်အတွေးတို့မှ တစ်ဆင့် ဖြစ်တည်ပေါက်ဖွားလာသော အရေးအသားများ။ သိမ်ဖျင်းညံ့ဖျင်းခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်း၊ ရှုတ်ချဆဲဆိုခြင်း စသည့် မှတ်ချက်များကား ဗရပွ။ မြန်မာနိုင်ငံမှလူအချို့၏ ယနေ့စိတ်အတွေးများကား စိစစ် စောကြောစရာဖြစ်လာသည်။

တကယ်ဆိုလျှင် မောင်းသူမဲ့ကားရဲ့သဘောသဘာဝက ဘာလဲ၊ ဘယ်လိုလဲ၊ လုံခြုံစိတ်ချမှုရှိရဲ့လား၊ အားသာချက်က ဘာလဲ၊ အားနည်းချက်က ဘာလဲ၊ ဘယ်လို တီထွင်ထားသလဲ၊ ဘယ်လောက် အကျိုးပြုနိုင်သလဲ၊ ငါတို့ ဘာလို့မတီထွင်နိုင်ရမှာလဲ စသဖြင့် အပြုသဘောဆောင်သည့် စူးစမ်းလေ့လာသည့် မှတ်ချက်အရေးအသားတစ်စုံ တစ်ခုမျှ မတွေ့ခဲ့ရ။ သို့ကြောင့်မို့ မြန်မာနိုင်ငံသည် ယခုတိုင် မည်မည်ရရ ဘာတစ်ခုမျှ မတီထွင် မထုတ်လုပ်နိုင်ခြင်းလေလား၊ တွေးစရာဖြစ်ရသည်။

> **❍ မှန်ကန်တဲ့အတွေးကို မိမိစိတ်ထဲမှာ ထူထောင်ပေးပြီး မှားယွင်းတဲ့အတွေးကို ဖယ်ရှားပစ်ဖို့လိုတာပေါ့။ အဲဒီတော့ မှားယွင်းတဲ့အတွေးဆိုတာ ဘာလဲ။ မှားယွင်းတဲ့ အတွေးဆိုတာ အပြစ်ရှိတဲ့အတွေး။ ဆင်းရဲတဲ့အကျိုးကို ထုတ်လုပ်တတ်တဲ့အတွေး။ အဲဒီ အတွေးမျိုးကိုဖယ်ရှားရမယ်။ မှန်ကန်တဲ့ အတွေးဆိုတာ အပြစ်ကင်းတယ်။ ကောင်းကျိုး ချမ်းသာကိုပေးတတ်တယ်။ မှားယွင်းတဲ့အတွေးတွေကို မှန်ကန်တဲ့အတွေးနဲ့ အစားထိုးပေးရမယ်**

ကောင်းမွန်သော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ကို ဖော်ဆောင်လိုလျှင် ကျွန်တော်တို့သည် ကောင်းမွန်သော အပြုသဘောဆောင်သည့် စိတ်အတွေးအကြံများ ရှိဖို့လိုအပ်သည်။ အဖျက်သဘောဆောင်သော စိတ်အတွေးအကြံများကို ဖယ်ရှားပစ်ဖို့ လိုသည်။

စိတ်နောက်ကိုယ်ပါ

သတင်းစာဆရာကြီး ဆရာမောင်ဝံသက “ဒုတိယအတွေး”ဟူသည့် အတွေးအမြင် ဆောင်းပါးစာစုတွင် “စကားပြောဆိုခြင်း၊ စာပေရေးသားခြင်း၊ ကိုယ်ခန္ဓာ အစိတ်အပိုင်း တစ်ခုခုကို အသုံးပြု၍ လုပ်ဆောင်ခြင်း စသည်ဖြင့် ကိုယ်နှုတ်အမှုအရာတိုင်းသည် တွေးကြံခြင်းမှ ပေါက်ဖွားလာသော ရလဒ်များဖြစ်သည်။ သို့ရာတွင် သာမန်လူများအဖို့ သိစိတ် မှတ်စိတ်က လိုက်မမီလိုက်အောင် မြန်လွန်းလှသဖြင့် တွေးခြင်း၊ ပြောခြင်း၊ လုပ်ခြင်းတို့သည် တစ်ဆက်တည်းလိုဖြစ်နေသည်။ တစ်ဆင့်ချင်း ပိုင်းခြားရန် မတတ်စွမ်းနိုင်ကြချေ။ ထို့ကြောင့် စိတ်နောက်ကိုယ်ပါဟူ၍ ဆိုစမှတ်ပြုခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် တွေးခြင်း၊ ပြောခြင်း၊ လုပ်ခြင်း အဆင့်တိုင်း၌ တွေးခြင်းအမှုအရာသည် ယှဉ်တွဲလျက်ပါရှိနေသည်ကို သတိထားကြည့်လျှင် တွေ့ကြရမည်ဖြစ်၏။ ဤသဘော သဘာဝကို သတိချပ်ထားလျှင် မိမိတို့၏ ကာယကံ၊ ဝစီကံ၊ မနောကံ အမှုတိုင်းကိုမပြုမီ ပထမအတွေးကို ဒုတိယအတွေးဖြင့် ပြန်လည်စစ်ဆေးဆင်ခြင်သည့် အလေ့အကျင့်ထားရှိရန်ကြိုးစားသင့်ကြသည်။ စိတ်နောက်ကိုယ်ပါပြောခြင်း၊ ပြုခြင်းများကြောင့် မလိုလားအပ်သော ဆိုးကျိုးများပေါ်ပေါက်တတ်ပေရာ တစ်စုံတစ်ခုတွေးကြံပြောဆို ပြုလုပ်တော့မည်ဆိုပါက နှုတ်ကစကားမထွက်မီ၊ ကိုယ်ကတစ်စုံတစ်ရာမပြုမှုမီ၊ ပြောအုံ့ ပြုအုံ့ဆဲဆဲ အခိုက်အတန့်လေးတစ်ခုခု၌ ဒုတိယအတွေးကို ရုတ်ချည်းဖော်ထုတ်ဖို့လိုအပ်သည်။ ဒုတိယအတွေးသည် စင်စစ်အားဖြင့် ဆင်ခြင်တုံတရားပင်ဖြစ်၏။

အကျိုးရှိသော အတွေးအမြင်ဆောင်းပါး

လူမှုရေးနယ်ပယ်အသီးသီးတွင် အကြောင်းကိစ္စအလုံးစုံနှင့်စပ်လျဉ်း၍ တွေး၊ ကြံ၊ ပြောဆို၊ ပြုမှုကြရာ၌ ဒုတိယအတွေးကို ဖြတ်သန်းပြီးမှ ဆောင်ရွက်လျှင် ဆင်ခြင်တုံတရား ထွန်းကား၍ ဗြဟ္မစိုရ်တရားပြန့်ပွားစည်ပင်သော လောကချမ်းသာကြီးကို မျက်မှောက်ပြု ကြရပေလိမ့်မည်”ဟု ရေးသားဖော်ပြခဲ့သည်။ စာဖတ်သူများအတွက် အကျိုးရှိသော အတွေးအမြင်ဆောင်းပါးစာစုတစ်ပိုဒ်ဖြစ်သည်။

ပါမောက္ခချုပ်ဆရာတော်ကြီး အရှင်ဒေါက်တာ နန္ဒမာလာဘိဝံသက “စိတ်၏အတွေးများ” တရားဒေသနာတော်တွင် စိတ်ရဲ့အတွေးများနှင့် ပတ်သက်၍ မကောင်းသည့်အတွေး သို့မဟုတ် မတွေးသင့်သည့် အတွေးသုံးမျိုး၊ ကောင်းသည့် အတွေး သို့မဟုတ် တွေးသင့်သည့်အတွေးသုံးမျိုးကို ခွဲခြားရှင်းလင်း ဟောကြားတော်မူခဲ့သည်။

မကောင်းသည့်အတွေး သို့မဟုတ် မတွေးသင့်သည့် အတွေးသုံးမျိုးမှာ လောဘနှင့် တွေးသည့် အတွေး(ကာမဝိတက်)၊ ဒေါသနှင့် ယှဉ်တွဲသည့် အတွေး (ဗျာပါဒဝိတက်)နှင့် သူတစ်ပါးတွေကို ညှဉ်းဆဲဖို့၊ သတ်ဖြတ်ဖို့၊ အကျိုးမဲ့ဖြစ်အောင် ဒုက္ခရောက်အောင်လုပ်ဖို့ အတွေး(ဝိဟိသာဝိတက်) တို့ဖြစ်သည်။

ကောင်းသည့်အတွေး သို့မဟုတ် တွေးသင့်သည့်အတွေးသုံးမျိုးမှာ ကာမဝိတက်၏ ဆန့်ကျင်ဘက် နေက္ခမ္မဝိတက်၊ မေတ္တာနှင့်ယှဉ်သည့် အဗျာပါဒဝိတက်နှင့် ကရုဏာ၊ အကြင်နာတို့ဖြင့်တွေးသည့် အဝိဟိသာဝိတက်တို့ဖြစ်သည်။

“စိတ်ကိုဖြူစင်အောင်လုပ်တဲ့အခါမှာ တချို့အတွေးတွေကို ထိန်းချုပ်ဖို့လိုအပ်တယ်။ တချို့အတွေးတွေကို အားကောင်းလာအောင်လုပ်ပေးဖို့ လိုအပ်တယ်။ တွေးသင့်တာရှိသလို မတွေးသင့်တာလည်းရှိတယ်တဲ့။ ဒါကြောင့် စိတ်အတွေးများဆိုတာကို လေ့လာဖို့လိုတယ်။

မှားယွင်းတဲ့အတွေးများဖယ်ရှားရမည်

မှန်ကန်တဲ့အတွေးကို မိမိစိတ်ထဲမှာ ထူထောင်ပေးပြီး မှားယွင်းတဲ့အတွေးကို ဖယ်ရှားပစ်ဖို့လိုတာပေါ့။ အဲဒီတော့ မှားယွင်းတဲ့အတွေးဆိုတာ ဘာလဲ။ မှားယွင်းတဲ့ အတွေးဆိုတာ အပြစ်ရှိတဲ့အတွေး။ ဆင်းရဲတဲ့အကျိုးကို ထုတ်လုပ်တတ်တဲ့အတွေး။ အဲဒီ အတွေးမျိုးကို ဖယ်ရှားရမယ်။ မှန်ကန်တဲ့ အတွေးဆိုတာ အပြစ်ကင်းတယ်။ ကောင်းကျိုး ချမ်းသာကိုပေးတတ်တယ်။ မှားယွင်းတဲ့အတွေးတွေကို မှန်ကန်တဲ့အတွေးနဲ့ အစားထိုးပေးရမယ်” စသဖြင့် ဆရာတော်ကြီးက ဆုံးမသြဝါဒမိန့်ကြားတော်မူပါသည်။

ထို့နောက် အတွေးကိုထိန်းချုပ်သည့် နည်းစနစ်များနှင့်ပတ်သက်၍ ဆရာတော်ဘုရားကြီးက “ဝိတက္ကသဏ္ဌာနသုတ်မှာ မြတ်စွာဘုရားက ဟောထားတာရှိတယ်။ အတွေးကို ထိန်းချုပ်တဲ့ နည်းစနစ်ကိုပေးထားတယ်။ မကောင်းတဲ့အတွေးတွေကနေ ရုန်းထွက်ဖို့ရန်အတွက် နည်းစနစ် ငါးမျိုးပေးထားတယ်။

စာမျက်နှာ ၂၁ သို့

(၇၅)နှစ်မြောက်၊ စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁၄

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား ပြင်ဆင်ရေးဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဗိုလ်ရှုခံမဏ္ဍာပ်ရှင်းလင်းဆောင် အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။ (ယာဝုံ)

အစည်းအဝေးသို့ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်၊ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ဆပ်ကော်မတီအဖွဲ့ဝင်များဖြစ်သည့် စစ်ဘက်ဆိုင်ရာ အရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်က အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် ဗိုလ်ရှုခံမဏ္ဍာပ်၏ မြို့ပြ၊ ရေသန့်၊ လျှပ်စစ်လုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း၊ ဆပ်ကော်မတီ အဖွဲ့ဝင်များအနေဖြင့် မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပြီး ဟန်ချက်ညီညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီ အဖွဲ့ဝင်များက မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍ အလိုက် ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က ဗိုလ်ရှုခံမဏ္ဍာပ်ပြုပြင်မှုဆိုင်ရာ လုပ်ငန်းများကို ဆပ်ကော်မတီဝင်များအနေဖြင့် သတ်မှတ်ချိန်အတွင်းပြီးစီးရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန်နှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ ကလည်း ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို အလေးထား ဆောင်ရွက်သွားရန်ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြမှုကို ဒုတိယဝန်ကြီးက အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီဆောင်ရွက်ရမည့် လုပ်ငန်းများ အလွန်အရေးကြီးပါကြောင်း၊ ဗိုလ်ရှုခံမဏ္ဍာပ်အား ထည်ထည်ဝါဝါဖြင့် အောင်မြင်ချောမွေ့စွာ ပြီးစီးအောင်ဆောင်ရွက်နိုင်ရေး ဆပ်ကော်မတီအဖွဲ့ဝင်များကလည်း ကြိုးစားဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ၊ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများ စာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့် နေ့မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက်ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်နှစ်စီးဖြင့် နှာခေါင်းစည်း(Mask) ၁၂ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၂၀ မှ

ပထမနည်းက မကောင်းတဲ့အတွေးပေါ်လာပြီ ဆိုရင် အာရုံပြောင်းလိုက်ပါတဲ့။

ဒုတိယနည်းက လောဘနဲ့တွေးနေမယ်၊ ဒေါသနဲ့တွေးနေမယ်၊ မောဟနဲ့တွေးနေမယ်ဆိုရင် ကိုယ်တွေးနေတဲ့အရာရဲ့ အပြစ်ကိုဆင်ခြင်ပါ။ သို့မဟုတ် တွေးနေတဲ့စိတ်ရဲ့ အပြစ်ကိုဆင်ခြင်ပါ။

တတိယနည်းက မေ့ပစ်ရမယ်၊ စိတ်ထဲမှာ မထားနဲ့၊ ဆက်မတွေးနဲ့လို့ဆိုတာ။

စတုတ္ထနည်းက ဒီအတွေး ဘယ်ကစသလဲဆိုတဲ့ အတွေးရဲ့အခြေအမြစ်ကို လိုက်ရှာတဲ့နည်းပဲ။ ရှာရင်းရှာရင်းနဲ့ ထွက်ပေါက်တွေ့သွားလိမ့်မယ်။ အတွေးဟာ ဖျောက်ပြီးသားဖြစ်သွားမယ်။ အကြောင်းရှာရင်းနဲ့ပဲ ထိုအတွေးရဲ့ထွက်ပေါက်ကို ရသွားနိုင်တယ်။

နောက်ဆုံးပဉ္စမနည်းကျတော့ မြတ်စွာဘုရားက မကောင်းတဲ့အတွေးတွေဟာ သာမန်နဲ့ဖျောက်လို့ မရဘူးဆိုရင် စိတ်ကိုစိတ်နဲ့ ဖိနှိပ်ပြီး မရရအောင် ကြိုးစားပါတဲ့။ လက်လျှော့မပေးနဲ့တဲ့၊ အံကြိတ်ပြီးတော့ လုပ်ရမယ်တဲ့။

အဲဒီ ငါးမျိုးနဲ့လုပ်ရင် စိတ်ရဲ့အတွေးတွေ၊ မကောင်းတဲ့အတွေးတွေဟာ လုံးဝကင်းသွားပြီး တော့ အတွေးပေါ်မှာ ပိုင်နိုင်မှုဆိုတဲ့စွမ်းရည်တစ်ခု ရလာနိုင်တယ်။ အဲဒီစွမ်းရည်က ကိုယ်တွေးချင်တဲ့ အတွေးကို တွေးနိုင်တယ်။ ကိုယ်မတွေးချင်တဲ့ အတွေးကို ထိန်းချုပ်နိုင်တယ်။ လေ့ကျင့်ပြီး ယူကြည့်ကြ။ နောက်ဆုံး ဒုက္ခအားလုံးက လွတ်သွားလိမ့်မယ်တဲ့”ဟူ၍ ရှင်းလင်းဟောကြားတော်မူခဲ့ပါသည်။

မှန်ကန်သောအတွေးများကိုသာ တွေးကြံကြရပါမည်

သို့ဆိုလျှင် မိမိ မိသားစု၊ မိမိရပ်ရွာဒေသနှင့် တိုင်းနိုင်ငံတစ်ဝန်း ငြိမ်းချမ်းသာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကိုယ်စီ ကိုယ်စီ ကောင်းသောအတွေးများ၊ မှန်ကန်သော အတွေးများ ကိုသာ တွေးကြံကြရပါမည်။ တစ်ဆက်တည်းမှာပင် မကောင်းသည့် အတွေးများ၊ မတွေးသင့် မတွေးထိုက်သော၊ အပြစ်ရှိသောအတွေးများကို ထိန်းချုပ်၊ ဖယ်ရှားပစ်ကြရပါမည်။ ကောင်းသောအတွေးများ ဖြင့် အစားထိုးကြရပါမည်။ သို့မှသာ အပြုသဘောဆောင်သည့် သာယာချမ်းမြေ့သော လူ့ဘောင် အသိုက်အဝန်းတစ်ခုကို ဖန်တီးတည်ဆောက်နိုင်ပေလိမ့်မည်။ စိတ္တေန နိယတေလောကော၊ လောက ကိုစိတ်က ဦးဆောင်သည်မဟုတ်ပါလား။ ။

အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီဖြန့်ဖြူးရောင်းချမည်

နေပြည်တော် ဧန်နဝါရီ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေး အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ (၃၄) သန်းဖြင့် စက်သုံးဆီမှာယူတင်သွင်းခဲ့သည့် ကုမ္ပဏီ (၂၆) ခုမှ ဒီဇယ်ဆီဂါလန် (၁၂ဒသမ ၅၄) သန်းခန့်ကို အထူးဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ဧန်နဝါရီ ၁၁ ရက်မှစတင်၍ ကုမ္ပဏီ (၁၇) ခုမှ တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း (၁၈၆) ဆိုင်တွင် စတင်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် စက်သုံးဆီ အရောင်းဆိုင်များတွင် ဒီဇယ်ဆီများကို ဖော်ပြပါ မြန်မာ့ရေနံနှင့်ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး နေ့စဉ် ဒီဇယ်ဆီဈေးနှုန်းများအား မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၏ www.mpta.org.mmတွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

စားသုံးသူပြည်သူများအနေဖြင့် ဒီဇယ်ဆီများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီ အရောင်းဆိုင်များတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၈၊ ၀၉-၆၆၄၅၅၉၅၄၊ ၀၉-၆၈၆၃၂၅၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၁၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

စဉ်	ကုမ္ပဏီအမည်	အရောင်းဆိုင်အမည်	အရောင်းဆိုင်လိပ်စာ
၁	မြတ်မေတ္တာမွန်	MMTM – Tamwe	အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်
		MMTM – Ywama	ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ်
		MMTM – North Dagon	ပင်လုံလမ်း၊ မြောက်ဒဂုံ
		MMTM – Thingankyun	သံသုမာလမ်း၊ သဃ်နန်းကျွန်းမြို့နယ်
၂	Shwe Byain Phyu	SBP (Toon Tae)	တွံတေး-ဒလလမ်းမကြီး
		SBP (Htan Ta Pin)	တူးချောင်းရွာ၊ ထန်းတပင်မြို့နယ်
		SBP (Innsein)	အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
		SBP (No–3 Mingalardon)	ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်
		SBP (No–4 Mhaw Bi)	မှော်ဘီမြို့နယ်
		SBP (Tar Kay Ta)	ရွှေခင်းသာလမ်း၊ သာကေတမြို့နယ်
၃	Kyaw San Co.,Ltd	KS(019)	မှော်ဘီအမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့၊ ရန်ကုန်တိုင်းဒေသကြီး။
၄	Moon Sun Energy	Moon Sun Energy (Hlaing Thar Yar)	အမှတ်(၁၅) ၊ ရန်ကုန် – ပုသိမ်လမ်းမကြီး၊ မြစိမ်းရောင်အိမ်ရာ၊ ဒဂုံရောအဝေးပြေးရှေ့၊ လှိုင်သာယာမြို့နယ်၊
၅	Anawar Hlwam Co.,Ltd	Yadana Petrol Station (ဒလ)	ဒလ–တွံတေးကားလမ်း၊ စာပါချောင်ရပ်ကွက်၊ ဒလမြို့၊ ရန်ကုန်တိုင်းဒေသကြီး။
၆	Farmer Petroleum Co., Ltd	Farmer Fuel Station – DGSK	ရတနာလမ်းနှင့်ကနောင်မင်းသားကြီးလမ်းထောင့်၊ ကုလားဝဲတံတားအနီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။
၇	Max Energy Co., Ltd.	Tar Kay Ta	မင်းနန္ဒာနှင့် ဧရာဝတီလမ်းအနီး၊ သာကေတမြို့နယ်
		Tharayata(Kamarkyi)	သံလျင်တံတားချဉ်းကပ်လမ်း၊ (၁၀/တောင်ရပ်ကွက်) သာကေတမြို့နယ်
		North Dagon (Bo Ba Htoo Road)	ဗိုလ်ဗထူးလမ်း၊ မြောက်ဒဂုံမြို့နယ်
၈	Aye Nyein Thar	ထက်ဇေရီ-အမှတ်(၂) လမ်းမကြီး	အမှတ်(၂) လမ်းမကြီး၊ ရှမ်းတဲကြီးစံပြကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
		သရဖူ–အင်းစိန်	ဒညင်းကုန်းဘူတာစုရပ်ကွက်၊ ဒညင်းကုန်းဘူတာရုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
		Petro K Bahan	အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
		Petro K Shan Su	ရှမ်းစုကျေးရွာ၊ ပျဉ်းမပင်ရပ်ကွက်၊ ရန်ကုန်-ပြည်လမ်းမကြီး၊ ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
		Petro K Hmaw Bi	အမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့နယ်၊ ယင်းတိုက်ပင်ကျေးရွာအုပ်စု၊ သဲဖြူကျေးရွာ ကွင်းအမှတ် (၅ဖဂ/Aက)။
၉	360 Degree Energy Co., Ltd	360° Petro (Bayintnaung)	ဘုရင့်နောင်လမ်းမကြီး
		360° Petro (Satsan)	စက်ဆန်းရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်
		360° Petro (Danyingone)	ဒညင်းကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်
		360° Petro (Thingankyun, Laydaungkan)	လေးထောင့်ကန်ရပ်ကွက်၊ သဃ်နန်းကျွန်းမြို့နယ်
		360° Petro (Ayarwon, Tharkayta)	သာကေတမြို့နယ်
		360° Petro (Bomhuebahtoo, North Dagon)	ဗိုလ်ဗထူးလမ်း၊ မြောက်ဒဂုံမြို့နယ်
၁၀	Aye Nyein Thar	ထက်ဇေရီ-အမှတ်(၂) လမ်းမကြီး	အမှတ်(၂) လမ်းမကြီး၊ ရှမ်းတဲကြီးစံပြကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
		ထက်ဇေရီ-အင်းတကော်	ရန်ကုန်–မန္တလေးလမ်းမကြီး၊ (၁၀၅)တပ်ရှေ့၊ အင်းတကော်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
		သရဖူ-အင်းစိန်	ဒညင်းကုန်းဘူတာစုရပ်ကွက်၊ ဒညင်းကုန်းဘူတာရုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
		Petro K Bahan	အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
		Petro K Shan Su	ရှမ်းစုကျေးရွာ၊ ပျဉ်းမပင်ရပ်ကွက်၊ ရန်ကုန်–ပြည်လမ်းမကြီး၊ ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်၊
		Petro K Hmaw Bi	အမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့နယ်၊ ယင်းတိုက်ပင်ကျေးရွာအုပ်စု၊ သဲဖြူကျေးရွာ ကွင်းအမှတ် (၅ဖဂ/Aက)။
၁၁	Best Oil Co., Ltd	PT Power (သာကေတ)	အမှတ်(၂၃၅/ခ)၊ ရွှေခင်းသာလမ်း၊ ၁၀ တောင်ရပ်ကွက်
		PT Power (ဧရာဝတီ)	အမှတ်(၆၂)ရပ်ကွက်၊ ဧရာဝတီလမ်းမကြီး
		PT Power (မြယမုံ)	အမှတ်(၂၆)ရပ်ကွက်၊ ပင်လုံလမ်းမကြီး
		PT Power (အမှတ် ၂)	မြေကွက်အမှတ်၊ (၁၄၃/၃)၊ (၁၄၃/၂)၊ အမှတ်(၁၄၁) ရပ်ကွက်
		PT Power (ကျောက်တန်း)	အမှတ်(၄၉၂/၆) မြိုင်သာယာရပ်ကွက်
		PT Power (ကုလားဝဲ)	အမှတ်(၇၁၀)၊ ဒဂုံ-သီလဝါလမ်းမကြီးဘေး၊ ကုလားဝဲကျေးရွာ
		PT Power (ပုလဲ)	ရွှေနံ့သာကျေးရွာအုပ်စု၊ ပုလဲရပ်ကွက်
		PT Power (မှော်ဘီ)	သနေပင်ကျေးရွာအုပ်စု
		PT Power (အမြန်လမ်း)	သာယာကုန်းကျေးရွာအုပ်စု
		Yangon Petrol (သာကေတ)	ရတနာလမ်းမပေါ်၊ တက်လမ်းအိမ်ရာအနီး၊ ၁၀ တောင်ရပ်ကွက်
		Yangon Petrol (ယုဇန)	ပဲခူးမြစ်လမ်းမပေါ်၊ အိုးအိမ်မှတ်တိုင်အနီး၊ ၉၂ ရပ်ကွက်
		Yangon Petrol (တောင်–မြောက်လမ်းဆုံ)	မြေတိုင်းရပ်ကွက်အမှတ်–၂၇/၉၊ လူနေ/ရပ်ကွက်အမှတ်–ရွှေပင်လုံအိမ်ရာ (တောင်/မြောက်လမ်းဆုံ)
		Yangon Petrol (ဧရာဝတီ)	ပဲခူးမြစ်လမ်းနှင့် ဧရာဝတီလမ်းမကြီးထောင့်၊ ဧရာဝတီလမ်းမကြီး၊ (၆၀) ရပ်ကွက်
		Yangon Petrol (မင်းရဲကျော်စွာ)	မင်းရဲကျော်စွာလမ်းနှင့် ကနောင်မင်းသားကြီးလမ်းထောင့်(YBS ကားဝင်းအနီး)
		Yangon Petrol (သုဓမ္မာ)	သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပ အဝိုင်းအနီး၊ စက်မှုလက်မှုရပ်ကွက်
		Yangon Petrol (ဒလ)	အမှတ် ၁၄၂၄၊ ဒလ–တွံတေး လမ်းမကြီး၊ ဆာဖာချောင်ရပ်ကွက်
		Yangon Petrol (မောင်းမကန်)	အမှတ် ၁/က၊မောင်းမကန်လမ်းမကြီး၊ ၁၇ ရပ်ကွက်
		Super Myanmar	မင်းကြီးလမ်းနှင့် အောက်မင်္ဂလာဒုံလမ်းထောင့်
		Petro Green	ရန်ကုန်တိုင်းဒေသကြီး
		BOC (တွံတေး)	ရန်ကုန်တိုင်းဒေသကြီး

တိုင်းဒေသကြီး/ပြည်နယ်များတွင် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ စာရင်း

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ရောင်းချသည့် ဆိုင်အရေအတွက်
၁	ရန်ကုန်တိုင်းဒေသကြီး	၅၄
၂	မန္တလေးတိုင်းဒေသကြီး	၄၃
၃	နေပြည်တော်	၅
၄	ပဲခူးတိုင်းဒေသကြီး	၂၂
၅	မကွေးတိုင်းဒေသကြီး	၅
၆	စစ်ကိုင်းတိုင်းဒေသကြီး	၃
၇	တနင်္သာရီတိုင်းဒေသကြီး	၂
၈	ဧရာဝတီတိုင်းဒေသကြီး	၁၄
၉	ကချင်ပြည်နယ်	၂
၁၀	မွန်ပြည်နယ်	၁၁
၁၁	ရခိုင်ပြည်နယ်	၆
၁၂	ရှမ်းပြည်နယ်	၁၉
	စုစုပေါင်း	**၁၈၆**

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှ

မန္တလေးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

စဉ်	ကုမ္ပဏီအမည်	အရောင်းဆိုင်အမည်	အရောင်းဆိုင်လိပ်စာ
၁	မြတ်မေတ္တာမွန်	MMTM – MDY 59	ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
		MMTM – MDY 67	နတ်ရေကန်ရပ်ကွက်၊ အမရပူရမြို့နယ်၊
		MMTM – Kumae	ဝမ်းတွင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂	Shwe Byain Phyu	SBP (Yinn Mar Pin)	ယင်းမာပင်ကျေးရွာအုပ်စု၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
		SBP (Madalay 26B)	(၅၈ လမ်းနှင့် ၅၉ လမ်းကြား)ချမ်းအေးသာဇံမြို့နယ်
		SBP (MDY – Myit Ngal)	စက်ကွေ့–စာတိုးမြို့ပြင်ကြီးရပ်ကွက်၊ အမရပူရမြို့နယ်၊ ရန်ကုန်–မန္တလေးလမ်းဟောင်း၊ မန္တလေးတိုင်းဒေသကြီး
၃	Kyaw San Co.,Ltd	KS(030)	ဥသျှစ်ကုန်းကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ ရန်ကုန် – မန္တလေး လမ်းဟောင်း ။
		KS(027)	ကျွဲတပ်ဆုံကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
		KS(031)	တောတွင်းကျေးရွာ၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး။
		KS(26)	ထန်းခွကျေးရွာအုပ်စု၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ။
၄	OK Petroleum Myanmar Co.,ltd	OK Energy (Yamaethin)	ရန်ကုန် – မန္တလေးလမ်းမကြီးဘေး ရွှေဒါးကျေးရွာ
၅	Petro King Co.,Ltd	Hello Energy (MyinGyan)	မြင်းခြံ–ညောင်ဦး လမ်းမကြီးဘေး
		SPY Energy (MyinGyan)	မြင်းခြံ–မန္တလေးလမ်းမကြီးဘေး မြင်းခြံမြို့
		OK Aung (MyinGyan)	မြင်းခြံ–မိတ္ထီလာလမ်းမဘေး မြင်းခြံမြို့
		OK Energy (Nyaung Oo)	ညောင်ဦး–ကျောက်ပန်းတောင်း လမ်းမကြီးဘေး
		OK Energy (Kyaukpataung)	ကျောက်ပန်းတောင်း–မိတ္ထီလာ လမ်းဘေး မြို့ဦးစေတီအနီး
၆	Moon Sun Energy	Moon Sun Energy(mandalay)	ပြည်ကြီးမဂ်လာကုန်တင်ယာဉ်ရပ်နားစခန်း(စွယ်တော်ကားကြီးဝင်း)၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
		Moon Sun Energy(Meikhtilar)	ရန်ကုန်–မန္တလေးလမ်းဟောင်း၊ ဝက်တိုးကျေးရွာအုပ်စု၊ မိတ္ထီလာ တိုးဂိတ်အနီး၊ မိတ္ထီလာမြို့။
		Moon Sun Energy(Thazi)	မိတ္ထီလာ–တောင်ကြီးလမ်းမ၊ ကျွဲတပ်ဆုံကျေးရွာ၊ သာစည်မြို့။
၇	Farmer Petroleum Co., Ltd	Farmer Fuel Station – TPWD	စစ်ကိုင်း–မန္တလေးလမ်း၊ ကန်တော်ကြီးမီးပွိုင့်အနီး၊ တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
၈	Asia Energy Co., Ltd.	Asia Energy –ပုသိမ် လေးပန့်ဆိုင် (မန္တလေး)	မန္တလေး –မိုးကုတ်လမ်းမကြီး၊ ပုသိမ်လေးကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်
		Asia Energy – စဉ့်ကိုင် ပန့်ဆိုင် (မန္တလေး)	မိုင်တိုင် (၄၁၅)၊ ပေါ်တော်မူဘုရားအနီး၊ စဉ့်ကိုင်မြို့။
		Asia Energy –78 ပန့်ဆိုင် (မန္တလေး)	၁၆ မိုင်၊ တိုးဂိတ်အကျော် ကျောက်ချောကျေးရွာ၊ မန္တလေး–ပြင်ဦးလွင်ကားလမ်း။
		Asia Energy – စက်မှုပန့်ဆိုင် (မန္တလေး)	၆၂ လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့် ယောမင်းကြီးလမ်းကြား၊ မန္တလေးမြို့။
		Asia Energy (ရမည်းသင်း)	ဒဉင်းကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်
		Asia Energy (ပုဂံညောင်ဦး)	ပုဂံ–ကျောက်ပန်းတောင်း၊ ကားလမ်းအထွက်၊ ပုဂံညောင်ဦးမြို့နယ်။
		Asia Energy (သာစည်–ယင်းမာပင်)	မိုင်တိုင်(၃၄)၊ မိတ္ထီလာ – တောင်ကြီးကားလမ်း၊ ယင်းမာပင်မြို့နယ်။
၉	Max Energy Co., Ltd.	Mandalay–4	ရန်ကုန်–မန္တလေးလမ်းဟောင်းအနီး၊ ပြည်ကြီးတံခွန်မြို့နယ်
၁၀	Aye Nyein Thar	Petro K Meikhtila	Near Mile Post No.5, Meikhtila–Kyaukpadaung Road, Meikhtila Township, Mandalay Region.
		Petro K Pyawbwe	Mile Post No.328, Yangon–Mandalay Highway Road, Pyawbwe Township, Mandalay Region.
		Petro K Yinmarbin	Mile Post No.37, Meikhtila–Taunggyi Highway Road, Tharzi Township, Mandalay Region.
၁၁	Best Oil Co., Ltd	PT Power (ရမည်းသင်း)	တဘက္ကာကျေးရွာအုပ်စု
		BOC (မန္တလေး–၃၅လမ်း)	အမှတ်(၄၅)/မ–၈၃၊ ၃၅လမ်း၊ ၅၂ x ၅၃ လမ်းကြား
		BOC (မန္တလေး–၆၂လမ်း)	အမှတ်(D–1)၊ ၆၂လမ်း၊ တွတ်ပီကွေ့၊ စက်မှုပန်းခြံလမ်း
		BOC (တံတားဦး (BOC Express))	မိုင်တိုင်(၃၇၅)၊ ရန်ကုန်–မန္တလေးအမြန်လမ်းမကြီး၊ တံတားဦးအဝိုင်းထိပ်
		BOC (အမရပူရ(ရွှေပန်းချီ))	စစ်ကိုင်း–မန္တလေးကားလမ်းဟောင်း၊ တံတားဖြူအနီး
		BOC (မြင်းခြံ)	မန္တလေး–မြင်းခြံကားလမ်းမကြီးဘေး၊ ချောင်းဒေါင်းရပ်
		BOC (ကျောက်ပန်းတောင်း)	မိတ္ထီလာ–ကျောက်ပန်းတောင်းကားလမ်းမကြီးဘေး၊ ကျောက်ပန်းတောင်းတိုးဂိတ်အနီး၊ အင်တောကျယ်ကျေးရွာ
		BOC (ညောင်ဦး)	ညောင်ဦး–မြင်းခြံကားလမ်းမကြီးနှင့် ညောင်ဦးမြို့ရှောင်လမ်းဆုံအနီး၊ မြေနဲလေးကျေးရွာ
		BOC (စဉ့်ကိုင်)	ရန်ကုန်–မန္တလေးကားလမ်းဟောင်း၊ ပေါ်တော်မူဘုရားအနီး
		BOC (ပြင်ဦးလွင်)	မိုင်တိုင် ၅၀ မိုင်၊ မန္တလေး–လားရှိုးကားလမ်းမကြီးဘေး၊ ပြင်ဦးလွင်။
		BOC (မန္တလေး–၇၈ လမ်း)	၇၈ လမ်းနှင့် စစ်ကိုင်းလမ်းခွဆောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
		ရေလီ (ပျော်ဘွယ်)	ဝါးရင်းထုတ်ကျေးရွာ၊ ရန်ကုန်–မန္တလေးလမ်းဟောင်း၊ မန္တလေးတိုင်းဒေသကြီး။

နေပြည်တော်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

စဉ်	ကုမ္ပဏီအမည်	အရောင်းဆိုင်အမည်	အရောင်းဆိုင်လိပ်စာ
၁	Moon Sun Energy	Moon Sun Energy (Nay pyi Taw)	နန်းသြကျေးရွာ၊ ရန်ကုန်–မန္တလေးလမ်းဟောင်း၊ မိုင်တိုင်(၂၆၀) လမ်းမပေါ်၊ ဥတ္တရခရိုင်၊ ဧရယ္ပာသီရိမြို့နယ်၊ နေပြည်တော်။
၂	Petro K Tatkon	Petro K Tatkon	မိုင်တိုင်–၂၇၂၊ ရန်ကုန်–မန္တလေး အဝေးပြေးလမ်းမကြီး
၃	Best Oil Co; Ltd	PT Power (ဥတ္တရသီရိ)	အမှတ်(၁၉)၊ မန္တလေးလမ်းနှင့် မြဝတီလမ်းထောင့်
		PT Power (ဒဂ္ဂီဏာသီရိ)	ဗို(၄)လမ်းနှင့် ရွှေပြည်တော်ဝင်လမ်းထောင့်၊ ၁၃/ဝန်ဆောင်မှုဇုန်ရပ်
		PT Power (သာဝတ္ထိ)	ကြာအင်းဧလုပ်ကျေးရွာအနီး၊ သာဝတ္ထိကျေးရွာအုပ်စု

ပဲခူးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

စဉ်	ကုမ္ပဏီအမည်	အရောင်းဆိုင်အမည်	အရောင်းဆိုင်လိပ်စာ
၁	မြတ်မေတ္တာမွန်	MMTM – Bago	ရန်ကုန်–မန္တလေးအဝေးပြေးလမ်းမကြီး
၂	Shwe Byain Phyu Co.,Ltd	SBP (Min Hla)	သရက်ပင်တာဆုံ၊ မင်းလှမြို့နယ်
		SBP (Oak Phoe)	အုတ်ဖိုမြို့နယ်၊ အုတ်ဖို
		SBP (Lat Pa Tan)	ကျွန်းကလေးကျေးရွာ၊ လက်ပံတန်းမြို့နယ်၊
		SBP (Pyay)	ပြည်မြို့နယ်၊ ပြည်
		SBP (Paung Ta Lae)	ပေါင်းတလည်မြို့နယ်
၃	Kyaw San Co.,Ltd	KS(032)	မဲခုန်ကျေးရွာ၊ ပဲခူးမြို့၊ ပဲခူးမြို့ရှောင်လမ်း
		KS(008)	တောင်နန်းချွန်ကျေးရွာ၊ ရေတာရှည်မြို့၊ ပဲခူးတိုင်းဒေသကြီး။
၄	Khine Khine Phyo Int'l Trading Co., Ltd	KKP Intakaw	အင်းတကော်မြို့နယ်ပဲခူးတိုင်းဒေသကြီး
၄	Anawar Hlwam Co.,Ltd	Yadana Petrol Station (ရွှေတောင်)	ကြာနီကန်ရပ်ကွက်၊ ရန်ကုန်–ရွှေတောင်–ပြည်လမ်းမကြီး၊ ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး။
၅	Aye Nyein Thar	ထက်ဇေရီ–အင်းတကော်	ရန်ကုန်–မန္တလေး လမ်းမကြီး၊ (၁၀၅)တပ်ရှေ့၊ အင်းတကော်မြို့
		သရဖူ–တောင်ငူ	ခပေါင်းတံတားအနီး၊ ရန်ကုန်–မန္တလေးလမ်းဟောင်း၊ အုတ်တွင်းမြို့နယ်၊ တောင်ငူမြို့။
		Petro K Oktwin	ရန်ကုန်–မန္တလေးအဝေးပြေးလမ်းမကြီး၊ အုတ်တွင်းမြို့နယ်
		Petro K Yedashe	ရန်ကုန်–မန္တလေးအဝေးပြေးလမ်းမကြီး၊ ရေတာရှည်မြို့နယ်
		Petro K Shwedaung	ရန်ကုန်–ပြည်အဝေးပြေးလမ်းမကြီး၊ ရွှေတောင်မြို့နယ်
၆	Best Oil Co., Ltd	PT Power (ပဲခူး)	ကလိ(တပ်ကလေး)ကျေးရွာအုပ်စု
		PT Power (ခေတ္တရာ)	ထန်းပေါက်ကျေးရွာ၊ ငါးရွာကျေးရွာအုပ်စုတာဝ
		BOC ၁၃၈ မိုင် (အမြန်လမ်း)	ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးဘေး၊ အုတ်တွင်းလမ်းခွ၊ (၁၃၈မိုင်–၃ဖာလုံ)။
		ရွှေလီ (ဝမ်းဘဲအင်း)	မိုင်တိုင်(၆၄/၇)ဝမ်းဘဲအင်းကျေးရွာ
		ရွှေလီ (အင်းတကော်)	အင်းတကော်(၁၀၇) တပ်ရင်းအရှေ့၊ ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ပဲခူးတိုင်းဒေသကြီး။
		ထိပ်တန်း (ပန်းတောင်း)	ပြည်–တောင်ကုတ်လမ်း၊ နဝဒေးတံတားထိပ်၊ ပန်းတောင်းမြို့နယ်။
		ထိပ်တန်း (အောင်လံ)	ပြည် – မကွေးလမ်း၊ Max Toll Gate အနီး၊ အောင်လံမြို့။

မကွေးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

စဉ်	ကုမ္ပဏီအမည်	အရောင်းဆိုင်အမည်	အရောင်းဆိုင်လိပ်စာ
၁	Shwe Byain Phyu Co.,Ltd	SBP (PakhoteKuu)	ချောက်ကန်ကျေးရွာအုပ်စု၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၂	Kyaw San Co.,Ltd	KS(025)	ကသစ်ကန်ကျေးရွာ၊ အောင်လံမြို့၊ မကွေးတိုင်းဒေသကြီး ။
		KS(024)	ကိုင်းတောကြီးကျေးရွာအုပ်စု၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။
		KS(009)	ကိုးပင်ကျေးရွာ၊ဆင်ပေါင်ဝဲမြို့နယ်၊မကွေးတိုင်းဒေသကြီး ။
၃	Khine Khine Phyo Int'l Trading Co., Ltd	Min Bu Star	ကြာကန်ရွာ၊ မင်းဘူးမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

စဉ်	ကုမ္ပဏီအမည်	အရောင်းဆိုင်အမည်	အရောင်းဆိုင်လိပ်စာ
၁	Shwe Byain Phyu Co.,Ltd	SBP (Sagaing)	စစ်ကိုင်း–မုံရွာမိန်းလမ်းမကြီး
၂	Asia Energy Co., Ltd.	Asia Energy (မုံရွာ)	မန္တလေး–မုံရွာလမ်းမကြီး၊ မုံရွာတိုးဂိတ်အကျော်၊ ထနောင်းတောအုပ်စု၊ မုံရွာမြို့။
၃	Best Oil Co., Ltd	BOC (ကံတလူ–စစ်ကိုင်း)	ကိုင်းတောကြီးကျေးရွာအုပ်စု၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

တနင်္သာရီတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

စဉ်	ကုမ္ပဏီအမည်	အရောင်းဆိုင်အမည်	အရောင်းဆိုင်လိပ်စာ
၁	Shwe Myan Aung	Shwe Myan Aung(Sandawat)	တိုင်းရုံးလမ်းခွဲ မြိတ်–ထားဝယ်လမ်းမကြီး၊ ရွှေပေးကျေးရွာ၊ စန္ဒဝတ်ကျေးရွာအုပ်စု
		Shwe Myan Aung(Kone Pauk)	ကုန်းပေါက်ရွာ၊ မြိတ်တောင်ရွာအုပ်စု၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ အကျဉ်းထောင်၊ ကုန်ထုတ်စခန်းနှင့် အချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧန်နဝါရီ ၁၄

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးပေါ်လွင်စိန်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဧန်နဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ တနင်္သာရီတိုင်းဒေသကြီးရှိ မြိတ်အကျဉ်းထောင်၊ ကျောက်ဖြူတောင် ကုန်ထုတ်စခန်း၊ ဆင်ဖြူရှင် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း၊ မြိတ်မြို့ပေါ်ရှိ မြို့မရဲစခန်း အချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား၊ အချုပ်သားများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ အသုံးအဆောင်ပစ္စည်းများရရှိခြင်းရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်း မှတ်တမ်းတင်ခြင်း၊ တစ်ဦးချင်းတွေ့ဆုံလိုသူ အကျဉ်းသား/အချုပ်သားများကို သီးခြားတွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးသည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အကျဉ်းထောင်နှင့် ကုန်ထုတ်စခန်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အချုပ်သားများ၏ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ ဆေးရုံဆောင်၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာစတို့၊ သောက်ရေသန့်စက်နှင့် သုံးရေကန်များ၊ မိလ္လာများကို လည်းကောင်း၊ ရဲစခန်းအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ် အချုပ်ခန်းအတွင်း သန့်ရှင်းရေး၊ မိလ္လာများ သန့်ရှင်းရေးနှင့် သောက်သုံးရေသုံးစွဲရမှု၊ လိုအပ်သည့် ဆေးဝါးများနှင့် ထားရှိသင့်သည့် ဆေးကိရိယာ ပစ္စည်းများ လုံလောက်စွာရရှိမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက် အပေါ် အခြေခံ၍ လိုအပ်သလို စီစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တရားမဝင် သစ်မျိုးစုံ၊ မော်တော်ယာဉ်များနှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဧန်နဝါရီ ၁၄

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧန်နဝါရီ ၁၃ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ အကောက်ခွန်အဖွဲ့နှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် လားရှိုး-မူဆယ်လမ်းမပေါ်ရှိ ရေပူကျေးရွာအနီး၌ ရပ်တန့်ထားသည့် မသက်ဘဖွယ်ရာ ယာဉ်ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသော ကျွန်းခွဲသားဆိုက်စုံ ၀ ဒသမ ၇၆၇၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၃၄၀၀)ခန့်နှင့် အဆိုပါ ကျွန်းသစ်ခွဲသားများ သယ်ဆောင်လာသည့် (အဖြူရောင်) Toyota Hiace ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)ခန့်တို့ကို ဖမ်းဆီးခဲ့ပြီး ဖမ်းဆီးရမိမှု နှစ်မှု၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၁၃၃ဝ၀)ခန့်ကို သတ်ဖြတ်ခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံ ရမည်ဖြစ်ကြောင်း ကိုယ်တိုင်ကိုယ်စား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

ကျွန်းခွဲသားများ ဖမ်းဆီးရမိ

အလားတူ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ အကောက်ခွန်အဖွဲ့နှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် လားရှိုး- မူဆယ်လမ်းမပေါ်ရှိ ရေပူကျေးရွာအနီး၌ ရပ်တန့်ထားသည့် မသက်ဘဖွယ်ရာ ယာဉ်ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော ကျွန်းခွဲသားဆိုက်စုံ ၃၇ ချောင်း၊ (၀ ဒသမ ၆၇၁၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၃ဝ၆၀၀) ခန့်နှင့် အဆိုပါ ကျွန်းသစ်ခွဲသားများ သယ်ဆောင်လာသည့် (ခဲရောင်) Toyota Hiace ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ဝ၁ဝ၃ဝ၀)ခန့်တို့ကို ဖမ်းဆီးခဲ့ပြီး ဖမ်းဆီးရမိမှု နှစ်မှု၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ဝ၁ဝ၃ဝ၀)ခန့်ကို သတ်ဖြတ်ခြင်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တရုတ်နိုင်ငံမှ တင်သွင်းလာသည့် Motorcycle Spare Parts များကို စစ်ဆေးခဲ့ရာ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသော Motorcycle Spare Parts နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆ဝ၀၀၀၀၀) ခန့်၊ Cast Iron Balls တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ဝ၄ဝ၀ဝ)ခန့်နှင့် Machine Spare Parts ရှစ်မျိုး၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈ဝ၆ဝ၀)ခန့်တို့ကို ဖမ်းဆီးခဲ့ပြီး ဖမ်းဆီးရမိမှု သုံးမှု၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ဝ၄၉၄၆ဝ၀) ခန့်ကို အကောက်ခွန် ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မြန်မာ့ရေကြောင်းသယံဇာတ ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ကျွန်းခွဲသားများ ဖမ်းဆီးရမိ

အရေးယူဆောင်ရွက်လျက်ရှိ

အလားတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့ များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပဲခူးနှင့် တောင်ငူခရိုင် သစ်တော ကြိုးဝိုင်းများအတွင်းရှိ တရားမဝင်ကျွန်းသစ် (၇ ဒသမ ၆၇၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ဝ၀၉ဝ၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုနှင့် တောင်သရက်သစ်ခွဲသား (၀ ဒသမ ၈၉၃၆) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ဝ၀ဝ၀ဝ)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အရေးယူဆောင်ရွက်လျက်ရှိ

အလားတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့ များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပဲခူးနှင့် တောင်ငူခရိုင် သစ်တော ကြိုးဝိုင်းများအတွင်းရှိ တရားမဝင်ကျွန်းသစ် (၇ ဒသမ ၆၇၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ဝ၀ဝ၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့ များဖြင့် စစ်ဆေးခဲ့ရာ တမူးမြို့နယ်၌ တရားမဝင် ကျွန်းခွဲသား (၃ ဒသမ ၇၂၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ဝ၅ ၂ ၂ ဝ)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကရင်ပြည်နယ် ကော့ကရိတ် (တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့မှ လျှပ်စစ်ဓာတ်ဘူး ၈၈၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ဖ၆၄ဝ၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဧန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်များတွင် ဖမ်းဆီးရမိမှု ပေါင်း ၁၂ မှုမှာ စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၁ဖ၂၄ဝ၂)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

တိုင်းကျော်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ် ၂၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဧန်နဝါရီ ၁၄

ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ် ၂၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧန်နဝါရီ ၁၀ ရက် နံနက် ၁ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ထုံးဘို-မြစ်ငယ်သွားကားလမ်း မိုင်တိုင်အမှတ်(၈/၅) အနီးတွင် ရပ်တန့်ထားသည့် FUSO ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ၎င်းယာဉ်နှင့်အတူ တိုင်းကျော်ကို တွေ့ရှိပြီး ယာဉ်ပေါ်တွင် ကျောက်မီးသွေးများဖြင့် ဖုံးအုပ်ထားသည့် ဆာလာအိတ်များအတွင်းမှ ဒေသကာလ တန်ဖိုးငွေကျပ် ၂၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၁ဝ၀၀၊ စိတ်ကြွရူးသွပ်ဆေးပြားသုံးသန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လျှောက်လွှာခေါ်ယူခြင်း

၁။ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန(ရုံးချုပ်)/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ် ရုံးများတွင်လစစလပ်လျက်ရှိသော ဒုတိယဦးစီးမှူး(လစာနှုန်း ၂၁၆၀၀၀–၂၀၀၀၀–၂၆၀၀၀)ရာထူး (၆၅)နေရာ များအတွက် အောက်ပါသတ်မှတ်ချက်များနှင့်အညီလျှောက်ထားနိုင်ပါသည်–

၂။ လျှောက်ထားသူများသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။ (၃၁–၁၂–၂၀၂၁) ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၃၀) နှစ်ထက် မကျော်လွန်သူ၊ ဝန်ထမ်း ဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

(ဃ) ခန့်ထားမည့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အလိုက် ဒေသခံများကို ဦးစားပေးခေါ်ယူသွားမည်ဖြစ်ပြီး မိမိအစီအစဉ်ဖြင့် နေထိုင်တာဝန်ထမ်းဆောင်နိုင်ရမည်။

